# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၂၁ ရက်၊ စနေနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၃၀)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် နိုင်ငံတော်ကထောက်ပံ့သော အဝတ်အထည်နှင့် ဂုဏ်ပြုပစ္စည်းများကို ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉)မှ ဒုတိယတပ်မဟာမှူး ဦးခမ်းလျှန်အား ပေးအပ်စဉ်။ (သတင်းစဉ်)

## တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အား

မည်သူတွေ မည်သို့ပင် သွေးခွဲခွဲ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကို ခိုင်မာသည်ထက် ပိုမိုခိုင်မာအောင် တည်ဆောက် နေကြလျက်ရှိကြောင်းကို ထင်ထင်ရှားရှား သက်သေပြမှု တစ်ရပ်အနေဖြင့် ယခုကဲ့သို့(SSNA)တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂုဏ်ခေး ဦးဆောင်သည့် တိုင်းရင်းသား ညီအစ်ကိုတွေက လက်နက်နှင့် ငြိမ်းချမ်းရေး အပြီးအပိုင် လဲလှယ်အပ်နှံကြပြီး အရေးကြီးလျှင် သွေးနီးကြသည့် မိမိတို့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုအင်အားကို ထင်ထင်ရှားရှား ပြသလိုက်နိုင်ခြင်းအပေါ် အထူးပင် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆို။

# ၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး လမ်းကြောင်းမှန်ပေါ်ရောက်လာသည့် ဦးဂုဏ်ခေးခေါင်းဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA)တပ်မဟာ(၁၉) ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားကျင်းပ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် မေ ၂၀

၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ဦးဂုဏ်ခေး ခေါင်းဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။

### တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များနှင့်ဌာနဆိုင်ရာအကြီးအကဲများ၊

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်ခဲ့သည့် လက်နက် ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မေလ ၂၁ ရက်)

# မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ နိုင်ငံတော်တည်ဆောက်ရေးတွင် တက်ညီလက်ညီ ပါဝင်ဆောင်ရွက်

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ပညာရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့၊ စီးပွားရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့၊ လူမှုရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့ စသည့်လုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး မိခင်နှင့်ကလေးများ၏ ကျန်းမာကြံ့ခိုင်ရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ မိသားစုဘဝလုံခြုံရေးနှင့် လူမှုရေးဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းကြီး၏ ရည်မှန်းချက်ဖြစ်သော မိခင်နှင့် ကလေးများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးလုပ်ငန်းများ မြင့်မားတိုးတက်စေရေးအတွက် အသင်းဝင်များက မြှင့်တင်ဆောင်ရွက်ကြခြင်းဖြင့် ပြည်သူများ၏ လူမှုဘဝမြင့်မားတိုးတက်စေရေး အခြေခံအုတ်မြစ်ကို တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းတည်ဆောက်ပေးနိုင်မည် ဖြစ်သည်။

အသင်းကြီး၏ ရည်မှန်းချက် အောင်မြင်စေရေးအတွက် မြို့နယ်အသင်းများတွင် ရာသက်ပန် အသင်းဝင်များ တိုးမြှင့်စည်းရုံးနိုင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၀၄ ခုနှစ်၌ ရာသက်ပန် အသင်းဝင်ဦးရေသည် နှစ်သိန်းလေးသောင်းကျော်ရှိပြီး သာမန်အသင်းသားဦးရေသည် လေးသိန်း နှစ်သောင်းနီးပါးခန့် ရှိသဖြင့် အသင်းဝင်စုစုပေါင်း ခြောက်သိန်းခြောက်သောင်းကျော်ခန့် ရှိနေပြီ ဖြစ်ကြောင်း သိရှိရသည်။

အသင်းဝင်များ တိုးတက်မြင့်မားစေရန်အတွက် မြို့နယ်လူဦးရေ၏ ၁၀ရာခိုင်နှုန်းကို မိခင်နှင့် ကလေးစောင့်ရှောက်ရေး ရာသက်ပန်အသင်းဝင်များ ဖြစ်လာစေရန် ရပ်ကွက်နှင့်ကျေးရွာတိုင်း၌ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲများအဖြစ် တိုးမြှင့်စည်းရုံး ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ၂၀၀၄ခုနှစ်တွင် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အားလုံးမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများသည် တက်တက်ကြွကြွ စည်းစည်းလုံးလုံး ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအား ပထမဆုအဖြစ် ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်ခဲ့ပေသည်။

(၁၅)ကြိမ်မြောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကြီး၏ နှစ်ပတ်လည် ညီလာခံတွင် ၂၀၀၅ခုနှစ်အတွင်း ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ပေးခဲ့သည်။ အဆိုပါရှေ့လုပ်ငန်းစဉ်များတွင် **နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် သိမ်မွေ့ညင်သာစွာ ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တွင် ပါဝင်ဆောင်ရွက်ရန်** ဟူသည့်အချက်ကို ပထမ ရှေ့လုပ်ငန်းစဉ်အဖြစ် ချမှတ်ပေးထားပေသည်။

ထို့ကြောင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအနေဖြင့် မိခင်နှင့်ကလေးကို ဗဟိုပြုပြီး မိသားစုအခြေခံသည့် လူမှုရေးကဏ္ဍဖွံ့ဖြိုးမှုများမှတစ်ဆင့်တက်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံနှင့်လူမျိုး၏ တည်ငြိမ်ခိုင်မာသော အနာဂတ်နှင့်တကွ အမျိုးသားရေးဂုဏ်သိက္ခာ မြင့်မားခိုင်ကျည်မှု၊ ပြည်ထောင်စုကြီးအစဉ်ထာဝရ တည်တံ့ခိုင်မြဲမှုတို့အတွက် အာမခံပေးနိုင်မည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာအကောင်အထည် ပေါ်လာရေးအတွက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် ဘက်စုံထောင့်စုံမှ ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များသည် ကောင်းမြတ်သော အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပြီး မှန်ကန်သောအသိစိတ်ဓာတ်ဖြင့် ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

၂၁-၅-၂၀၀၅
(စနေနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော်
**"ကဆုန်လပြည့် ဗုဒ္ဓနေ့တရားတော်"**

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၂၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၅။ မျိုးချစ်တပ်မတော်
၅း၀၀ ၆။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
The Force of Gravity
(ဒုတိယနှစ်-အထူးပြုအားလုံး)
၅း၃၀ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၄၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၅း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၄။ လျှပ်တစ်ပြက်
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
**"အမြွာနဲ့ကြမ္မာ"**
(အပိုင်း-၂၄)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၉။ FA-Cup ဘောလုံးပွဲ
Arsenal Vs
°Manchester United
(Delay)

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပခုက္ကူဦးအုံးဖေစာပေဆုများ ပါဝင်ယှဉ်ပြိုင်ရန်ဖိတ်ခေါ်

ရန်ကုန် မေ ၂၀

**ပခုက္ကူမြို့မှ စေတနာရှင်ဦးအုံးဖေက နိုင်ငံတော်သို့လွှဲအပ်လှူဒါန်းသော စာပေရန်ပုံငွေ၏အတိုးအညွန့်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်လျက် ၁၉၉၃ခုနှစ်မှစပြီး စာမူပြိုင်ပွဲများခေါ်ယူ၍ နှစ်စဉ်ဆုများရွေးချယ်ချီးမြှင့်လျက်ရှိသည်။ ၂၀၀၅ ခုနှစ်အတွက် ပခုက္ကူ ဦးအုံးဖေစာပေဆုပြိုင်ပွဲတွင် စာမူများပါဝင်ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်နိုးဆော်ထားကြောင်းသိရသည်။**

**ငါးမျိုးပါဝင်ယှဉ်ပြိုင်နိုင်**

ပခုက္ကူဦးအုံးဖေစာပေဆုပြိုင်ပွဲတွင် ကဗျာပေါင်းချုပ်၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသန စာပေဟူ၍ ပြိုင်ပွဲဝင်စာမူအမျိုးအစား ငါးမျိုး၌ ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။

စာမူပြိုင်ပွဲနောက်ဆုံးတင်သွင်းရမည့်ရက်ကို ၂၀၀၅ခုနှစ် စက်တင်ဘာ ၃၀ရက်အထိ သတ်မှတ်ထားပြီး ဆုရစာမူများကို ၂၀၀၅ခုနှစ်အကုန်ပိုင်းတွင် ကြေညာလျက် ၂၀၀၆ ခုနှစ်ဆန်းတွင် ဆုချီးမြှင့်ပွဲကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်စာမူပုံစံများကို ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ အတွင်းရေးမှူး စာတည်းမှူးချုပ်၊ ၅၂၉ ကုန်သည်လမ်း စာပေဗိမာန်တွင်ရယူနိုင်ပြီး နယ်မှစာမူတင်သွင်းလိုသူများသည် တံဆိပ်ခေါင်းဖိုး ငွေကျပ်၄၀ဖြင့် ပုံစံများဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၅-၂၀၀၅ (စနေနေ့)**

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ တေးဂီတအစီအစဉ်
၇း၁၀ စစ်ကိုင်းဂုဏ်တင် ဆွမ်းဦးပုညရှင်
၇း၂၀ တေးဂီတအစီအစဉ်
၇း၂၅ နိုင်ငံတကာသတင်းအကျဉ်း
၇း၃၀ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
၇း၄၅ ဝါသနာရှင်စင်မြင့်
၈း၂၀ ပြည်တွင်းသတင်းအကျဉ်း
၈း၂၅ ရေဖျန်းစနစ်ဖြင့် သီးနှံများ စိုက်ပျိုးခြင်း
၈း၃၀ တေးဂီတအစီအစဉ်
၈း၃၅ မှတ်ပုံတင်ကစကြရအောင်
၈း၅၀ တေးဂီတအစီအစဉ်
၈း၅၅ ဖီဖာကမ္ဘာ့ဖလား
၉း၂၀ မိုးလေဝသခန့်မှန်းချက်
၉း၂၅ တေးဂီတအစီအစဉ်
၉း၃၀ ကလေးများနှင့် ကျန်းမာရေး
၉း၃၅ နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀ ရုပ်ရှင်အကယ်ဒမီ အကြောင်းသိကောင်းစရာ
၁၀း၃၅ တေးဂီတအစီအစဉ်
၁၀း၄၀ ပြည်တွင်းသတင်းအကျဉ်း
၁၀း၄၅ စပါး(၁)ရိတ်သိမ်းခြွေလှေ့ စက်
၁၀း၅၅ တေးဂီတအစီအစဉ်
၁၁း၀၀ MRTV-4 အပိတ် Logo

**အထက်ပါလေးနာရီစာအစီအစဉ်များကို ည၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ဦးလူကလေး အမှတ်၅ အလုံမြို့နယ်နေက ကွယ်လွန်သူ ဦးမောင်မောင်သွင်အား ရည်စူး၍ ဇနီးဒေါ်သန်းလှမိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ကို ဖြစ်မြောက်ရေးအဖွဲ့အတွင်းရေးမှူး ဦးစိုးမြတ်အောင်နှင့် အဖွဲ့ဝင် ဦးမျိုးခင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## လက်ခံယူ

**ဦးကျော်ထွန်း မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ ဦးအောင်ခင်က လက်ခံယူစဉ်။**

(က-ပ)

# ပဲခူးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅) ကျင်းပ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့်စပ်လျဉ်း၍ဖတ်ကြားတင်သွင်း

ရန်ကုန် မေ ၂၀

**ပဲခူးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)ကို ပဲခူးမြို့ သီရိဥဿာခန်းမ၌ မေ ၁၉ရက် နံနက် ၉နာရီက ကျင်းပရာ ပဲခူးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ နာယက ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟို စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ပဲခူးတိုင်း စစ်မှု ထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင် စစ်မှုထမ်းဟောင်း အလုပ်အမှုဆောင်များ၊ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ အမှုဆောင်များ၊ အရန်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။**

## အမှာစကားပြောကြား

ရှေးဦးစွာ ညီလာခံ ပထမပိုင်းကို ကျင်းပရာ အစီအစဉ်အရ ပဲခူးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ နာယက တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အဖွင့်အမှာ စကားပြောကြားသည်။

ထို့နောက် ပဲခူးတိုင်း စစ်မှုထမ်း ဟောင်းအဖွဲ့သို့ ပဲခူးတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ တောင်ငူခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့၊ ပဲခူးမြို့မှ လုပ်ငန်း ရှင်များနှင့် အလှူရှင်များ၏ လှူဒါန်း ငွေကျပ် ၅၁၅သိန်းကို တိုင်းမှူး ဗိုလ်ချုပ် ကိုကိုနှင့် တာဝန်ရှိသူများက ပေးအပ် လှူဒါန်းကြရာ ပဲခူးတိုင်း စစ်မှုထမ်း ဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသိန်းလွင်နှင့် တာဝန် ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် အခမ်းအနား အစီ အစဉ် ဒုတိယပိုင်းကို ဆက်လက် ကျင်းပရာ သဘာပတိ ပဲခူးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသိန်းလွင်က အဖွင့်အမှာစကား ပြောကြားသည်။

## ဖတ်ကြားတင်ပြ

ဆက်လက်၍ ပဲခူးတိုင်း စစ်မှု ထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ (၂၀၀၅) အစီရင်ခံစာကို ပဲခူးခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးကျော်ကျော် (ငြိမ်း)၊ ပဲခူးခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူး သိန်းဝင်း(ငြိမ်း)နှင့် ပဲခူးတိုင်း စစ်မှု ထမ်းဟောင်းအဖွဲ့ဝင် ဗိုလ်မှူးစိုးဝင်း (ငြိမ်း)တို့က ဖတ်ကြားကြသည်။

## ပြည်သူ့အကျိုးပြုကဏ္ဍတင်သွင်း

ထို့နောက် ပဲခူးတိုင်း စစ်မှုထမ်း ဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် စပ်လျဉ်း၍ ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံး ရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးထွန်းမြိုင် (ငြိမ်း)က အမျိုးသားရေး၊ နိုင်ငံရေး ကဏ္ဍကို လည်းကောင်း၊ ကျောက် တံခါးမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီး ကျော်စန်းထွန်း(ငြိမ်း)က နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍကို လည်းကောင်း၊ ဖြူးမြို့နယ် စစ်မှုထမ်း ဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးစိုးညွန့်(ငြိမ်း)က စီးပွားရေး ကဏ္ဍကို လည်းကောင်း၊ ရေတာရှည် မြို့နယ် စစ်မှုထမ်းဟောင်းစည်းရုံးရေး ကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးမောင်ဝင်း (ငြိမ်း)က လူမှုရေးနှင့် သက်သာ ချောင်ချိရေးကဏ္ဍကို လည်းကောင်း၊ တောင်ငူမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူး ကျော်ကျော်နိုင်(ငြိမ်း)က ပြည်သူ့ အကျိုးပြုကဏ္ဍကို လည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြ သည်။

ယင်းနောက် သဘာပတိက ပဲခူး တိုင်း စစ်မှုထမ်းဟောင်းကြီးကြပ်ရေး အဖွဲ့ အကြိုညီလာခံ (၂၀၀၅)၏ ဆုံးဖြတ်ချက်သုံးရပ်၊ အတည်ပြုချက် တစ်ရပ်နှင့် မှတ်တမ်းတင်ခြင်း သုံးရပ်တို့ကို အတည်ပြုပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အခမ်း အနားကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## အမှာစကားပြောကြား

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ ပဲခူးတိုင်း စစ်မှုထမ်းဟောင်း အဖွဲ့ အကြိုညီလာခံ (၂၀၀၅) အခမ်းအနားတွင် ပဲခူးတိုင်း စစ်မှု ထမ်းဟောင်းအဖွဲ့ နာယက ပဲခူး တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင် ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို အမှာစကားပြော ကြားစဉ်။** (သတင်းစဉ်)

## ကဆုန်ညောင်ရေ ငြိမ်းချမ်းစေ

❑ ဂိမှာန်သည်နွေ
အေးမြစေ၍
ဆုခြွေပန်ညွှန်း
ညောင်ရေသွန်းသည်
တစ်ဝန်းအပူငြိမ်းစေမည်။

❑ ငြိမ်းအေးသာကြည်
မြန်မာပြည်တွင်
ရေရှည်မှန်းဆ
ညီညွတ်ကြ၍
အလှုဂုဏ်ရည် တင့်ပေပြီ။

❑ တင့်လှညီညာ
ပြည်မြန်မာသည်
အနာဂတ်လမ်း
ညီညွတ်စွမ်းနှင့်
တက်လှမ်းစုံညီ
ချီလေပြီ။

❑ ဂိမှာန်သည်နွေ
အေးမြစေ၍
ဆုခြွေပန်ညွှန်း
ညောင်ရေသွန်းသည်
တစ်ဝန်းဇမ္ဗူ ငြိမ်းစေသတည်း။ ။

**နှင်းမောင် (ဗိုးကုန်း)**

# မွန်ထရီသဘောတူညီချက်ပါကိစ္စရပ်များ အကောင်အထည်ဖော်ရေး ငွေကြေးနှင့်ဘဏ္ဍာရေးနှင့်ကုန်သွယ်မှုတို့တွင်လက်တွဲဆောင်ရွက်ရန်ဆွေးနွေး

ရန်ကုန် မေ ၂၀

**ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင်(အက်စကက်)၏ (၆၁)ကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့ရာ မေ ၁၆ရက်မှ ၁၈ရက်အထိ ဝန်ကြီးအဆင့် အစည်းအဝေးကိုလည်းကောင်း၊ မေ ၁၂ရက်မှ ၁၄ရက်အထိ အကြီးတန်းအရာရှိကြီးများ အစည်းအဝေးကိုလည်းကောင်း အဆင့်နှစ်ဆင့်ခွဲ၍ ကျင်းပခဲ့ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။**

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ကျင်းပသော ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသ ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်)၏ (၆၁)ကြိမ် နှစ်ပတ်လည်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။** (ပို့ဆောင်ရေး)

အစည်းအဝေးသို့ နိုင်ငံပေါင်း ၆၂ နိုင်ငံမှ ကိုယ်စားလှယ်များ တက် ရောက်ခဲ့ကြပြီး အရှေ့အာရှနှင့် ပစိဖိတ် ဒေသ၏ မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ် များ၊ ဒေသတွင်း ဖွံ့ဖြိုးမှုနှင့် ဆောင် ရွက်ချက်များ၊ စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စ ရပ်များ၊ ကျွမ်းကျင်မှုအကူအညီ အစီ အစဉ်နှင့် ငွေကြေးထည့်ဝင်မှုများ၊ မွန်ထရီသဘောတူညီချက်ပါ ကိစ္စရပ် များ၏ အကောင်အထည်ဖော် ဆောင် ရွက်မှုအတွက် ငွေကြေး၊ ဘဏ္ဍာရေး နှင့် ကုန်သွယ်မှုတို့တွင် တစ်ကမ္ဘာလုံး လက်တွဲဆောင်ရွက်ရန် အခြေအနေ၊ ဒေသတွင်းဖြစ်ပေါ်နေသော ဆူနာမီ နှင့် သဘာဝဘေးအန္တရာယ် တုံ့ပြန် ရေးနှင့်ပတ်သက်သော ကိစ္စရပ်များ၊ ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်း ချက် (Millenium Development Goals-MDG) ကို ၂၀၀၅ခုနှစ် မတိုင်မီ ကမ္ဘာ့နိုင်ငံများ ရရှိနိုင်ရေး အတွက် အဟန့်အတား ဖြစ်စေသော ရောဂါဆိုးများ၏ စိန်ခေါ်မှုကို ဖြေရှင်း ဆောင်ရွက်ရန်နှင့် ဆင်းရဲမှုလျှော့ နည်းရေး ဆောင်ရွက်ချက်များ စသည် တို့ကို အဓိကထား ဆွေးနွေးကြကာ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ သုံးသပ်ခြင်းနှင့် နောင်လာမည့် အက်စကက် နှစ်ပတ်လည် အစည်း အဝေးတွင် ဆွေးနွေးမည့် အစီအစဉ် များကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ ကြသည်။

## စာတမ်းတင်သွင်း

မေ ၁၇ရက် မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လူမှုရေး၊ စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် ပတ်သက်၍ မိန့်ခွန်းပြောကြားခဲ့သည်။ ထို့အပြင် ဆူနာမီနှင့် သဘာဝဘေး အန္တရာယ် တားဆီးကာကွယ်ရေးနှင့် ပတ်သက်ပြီး နိုင်ငံတော်၏ ရပ်တည် ချက်စာတမ်းကို တင်သွင်းခဲ့သည်။

## ကြိုဆိုနှုတ်ဆက်

ဝန်ကြီးသည် မေ ၁၉ရက် ညနေ ပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်း ခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ရထားပို့ဆောင်ရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဦးဖေသန်း၊ ဌာနအကြီးအကဲ များနှင့် မိသားစုများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဝန်ကြီးနှင့်အတူ အက်စကက်၏ အကြီးတန်း အရာရှိကြီးများအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့သော အဖွဲ့ဝင်များလည်း ပြန်လည်လိုက်ပါ ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံ တောင်ပိုင်း ထစ်ချုန်းမည့် အခြေအနေ ဖြစ်ပေါ်

ရန်ကုန် မေ ၂၀

**လွန်ခဲ့သော ၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် တနင်္သာရီတိုင်းသို့ စတင်ဝင်ရောက်လျက်ရှိသည်။ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၌ နေရာကျဲကျဲနှင့် ရခိုင်ပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်း၌ နေရာကွက်၍ မိုးကြီးခဲ့ကာ ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရမည်းသင်းမြို့တွင် ၂ဒသမ ၁၇လက်မနှင့် တောင်ကြီးမြို့၌ ဝဒသမ ၉၈လက်မတို့ဖြစ်ကြသည်။ နေ့အပူချိန်များမှာ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ ဖြစ်မြဲထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိ၊ ဧရာဝတီတိုင်းတွင် ဖြစ်မြဲထက် ၈ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်း အထက်ပိုင်း၌ ဖြစ်မြဲအောက် ၄ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။**

**ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားပျော့နေသည်။ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း၌ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် သာယာနေသည်။ မေ ၂၁ရက် ညနေထိခန့်မှန်းချက်အရ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ရခိုင် ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်း တို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။**

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်မည်ဖြစ်ကြောင်း သိရသည်။** (မြန်မာ့အလင်း)

# ကံမြင့်ကျောင်းညောင်ရေသွန်းပွဲ တရားဒေသနာဟောကြားမည်

**ရန်ကုန် မေ ၂၀**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာ လမ်း ကံမြင့်ကျောင်းတိုက်၌ ပထမ အကြိမ် ညောင်ရေသွန်းပွဲတော်ကို ကဆုန်လပြည့် (ဗုဒ္ဓနေ့) နံနက် ၇နာရီ တွင် အဆိုပါကျောင်း၌ ပြုလုပ်မည် ဖြစ်ပြီး ညနေ ၃နာရီတွင် တိပိဋကရေ ဘဒ္ဒန္တကောဏ္ဍည ဆရာတော်က အနု မောဒနာတရား ဟောကြားချီးမြှင့် မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဂျပန်နိုင်ငံ ချီဘာဆိပ်ကမ်းတွင် ပြည်ပသို့တင်ပို့မည့် ဟွန်ဒါ မော်တော်ယာဉ်များအား ကုန်တင်သင်္ဘောပေါ်သို့ တင်ပို့နေသည်ကို မေ ၁၉ ရက်က တွေ့ရစဉ်။ (ဂျပန်နိုင်ငံ၏ မော်တော်ယာဉ်ပြည်ပတင်ပို့မှုသည် ယခုနှစ် ဇန်နဝါရီမှ မတ်လအတွင်း မြင့်တက်ခဲ့သည်။)

(ဓာတ်ပုံ-အင်တာနက်)

# အင်ဒိုနီးရှား၌ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၄ ဒသမ ၉၄ ဘီလီယံအထိ နှစ်ဆနီးပါးမြင့်တက်ခဲ့

ဂျကာတာ မေ ၁၉

**အင်ဒိုနီးရှားနိုင်ငံတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ဇန်နဝါရီလမှ ဧပြီလအတွင်း ယမန်နှစ် အလားတူကာလထက် နှစ်ဆနီးပါးမြင့်တက်ခဲ့ရာ ဒေါ်လာ ၄ ဒသမ ၉၄ ဘီလီယံအထိဖြစ်ကြောင်း နိုင်ငံတော်ရင်းနှီးမြှုပ်နှံမှုအေဂျင်စီက မေ ၁၆ရက် တနင်္လာနေ့၌ ပြောကြားသည်။**

ဘီကေပီအမ်ဟု ထင်ရှားသော အဆိုပါအေဂျင်စီက ပြည်တွင်းတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် ပထမလေးလအတွင်း ဒေါ်လာ ၁ ဒသမ၄ဘီလီယံအထိ ၂၁ဒသမ၄၁ ရာခိုင်နှုန်းကျဆင်းခဲ့သည်ဟု ကြေညာချက်၌ ဖော်ပြထားသည်။

## နိုင်မာတောင့်တင်း

ယခုနှစ် ပထမသုံးလတွင် အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ရင်းနှီးမြှုပ်နှံမှုခိုင်မာတောင့်တင်းသဖြင့် မျှော်လင့်ထားသော ၆ ဒသမ ၃၅ ရာခိုင်နှုန်းထက်ပိုမြင့်မားကြောင်း အချက်အလက်များက ဖော်ပြထားချိန်တွင် အဆိုပါ ကိန်းဂဏန်းပေါ်ထွက်လာခြင်းဖြစ်သည်။

## ဖော်ပြ

ဘီကေပီအမ်က အချက်အလက်သည် ရေနံ၊ ဓာတ်ငွေ့၊ ဘဏ်လုပ်ငန်းနှင့် အာမခံလုပ်ငန်းများ အကျုံးဝင်ခြင်းမရှိသော်လည်း စူးစမ်းလေ့လာသူများက စီးပွားရေးတွင် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ဖော်ပြကြောင်း ပြောကြားသည်။

၁၉၉၀ ပြည့်နှစ်များ၏ နှောင်းပိုင်းတွင်အာရှငွေကြေးအကျပ်အတည်း ပေါ်ပေါက်ခဲ့ပြီးနောက် အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးသည် ရှန်းကန်နေရဆဲဖြစ်သည်။

နိုင်ငံတော် ခန့်မှန်းခြေ ရသုံးငွေစာရင်းက ယခုနှစ်အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ယမန်နှစ်က ၅ ဒသမ ၁ ရာခိုင်နှုန်းကို ကျော်လွန်ကာ ၅ ဒသမ ၄ ရာခိုင်နှုန်း ရှိမည်ဟု ခန့်မှန်းတွက်ချက်ထားသည်။

(အင်တာနက်)

# တရုတ်-ကျူးဘားဆက်ဆံရေး ရေရှည်ခိုင်မြဲရန် နှစ်နိုင်ငံကြိုးပမ်းမည်

ဟာဗားနား မေ ၁၉

**တရုတ်နိုင်ငံသည် ကျူးဘားနိုင်ငံနှင့် ရေရှည်ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲစေရန် ကြိုးပမ်းမှုအဖြစ် သတ်မှတ်ထားသော အခြေခံမူများကို ဆက်လက် ကျင့်သုံးသွားမည်ဖြစ်ကြောင်း တရုတ်အမျိုးသားကော်မတီ အကြံပေးပုဂ္ဂိုလ် ကျိုကျင်ယန်းနှင့် ကျူးဘားနိုင်ငံတော်ကောင်စီနှင့် ဝန်ကြီးများကောင်စီ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ရောကက်စတိုရပ်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ကျိုက မေ ၁၄ ရက်တွင် ပြောကြားလိုက်သည်။**

## မျှဝေခံစားခဲ့

တရုတ်နှင့် ကျူးဘားသည် ကွဲပြားခြားနားသော တိုက်ကြီးများတွင် ရှိနေသော်လည်း လေးနက်သော ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်နိုင်ခဲ့ကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံသည် အပြန်အလှန်လေးစားစွာဆက်ဆံခဲ့ပြီး ဒုက္ခအခက်အခဲများကိုလည်း မျှဝေခံစားခဲ့ကြောင်း ကျိုက ပြောကြားသည်။

## လုပ်ဆောင်သွားမည်

ကျူးဘားကွန်မြူနစ်ပါတီနှင့်တရုတ်အစိုးရသည် တရုတ်-ကျူးဘားဆက်ဆံရေးကို အရေးကြီးသော ကိစ္စရပ်အဖြစ်လက်ခံထားခဲ့ပြီး ကျူးဘားနှင့် ရေရှည်ဆက်ဆံရေးကောင်းမွန်ရန်အတွက် လုပ်ဆောင်သွားမည်ဟု ၎င်းက ပြောကြားသည်။

## တိုက်တွန်းသွားခဲ့

တရုတ်နှင့်ကျူးဘားနှစ်နိုင်ငံသည် မကြာမီနှစ်များအတွင်းက နိုင်ငံရေးဆိုင်ရာ ယုံကြည်မှုနှင့်ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် ပိုမိုတိုးချဲ့ ဆောင်ရွက်နိုင်ခဲ့သည်။ ပြီးခဲ့သောနှစ် နိုဝင်ဘာလက တရုတ်သမ္မတ ဟူကျင်တောင် ကျူးဘားသို့ အလည်အပတ်လာရောက်ခဲ့စဉ်က နှစ်နိုင်ငံအပြန်အလှန် အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုနှင့် နောင်တွင် နှစ်နိုင်ငံစလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ဆောင်ရန် အလေးအနက် တိုက်တွန်းသွားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဆင်းရဲ၊ ချမ်းသာကွာဟမှုကို အတူယှဉ်တွဲ ဖြေရှင်းကြရန် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ သဘောတူညီ

ပေကျင်း မေ ၁၉

**ကမ္ဘာပေါ်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အဓိကပြဿနာသည် ဆင်းရဲမှုနှင့် ချမ်းသာကြွယ်ဝမှုအကြား ကွာဟချက်ကြီးမားလာခြင်းဖြစ်ပြီး ယင်းပြဿနာကို ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများက အတူယှဉ်တွဲပြီး ဖြေရှင်းကြရန် စီးပွားရေးပညာရှင်များက မေ ၁၇ရက်တွင် သဘောတူညီခဲ့ကြသည်။**

## ကွာဟချက်ရှိ

အာရှဒေသတွင် ၂၁ ရာစု၏ စိန်ခေါ်မှုများကို ကျွန်ုပ်တို့ရင်ဆိုင်ဖြေရှင်းသွားကြရမည် ဖြစ်ကြောင်း၊ အထူးသဖြင့် ချမ်းသာကြွယ်ဝမှုနှင့် အသိပညာ ဖွံ့ဖြိုးမှုတို့တွင် ကွာဟချက်ရှိနေမှုများအတွက်ဖြစ်ကြောင်း ထင်ရှားပြီး လူသိများသည့်စီးပွားရေးသမားတစ်ဦးဖြစ်ပြီး တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက်အမြဲတမ်းကော်မတီ၏ ဒုတိယဥက္ကဋ္ဌလည်းဖြစ်သူ ချန်စီဝေက ပြောကြားသည်။ ၎င်းသည် ကမ္ဘာလုံးဆိုင်ရာ အခွင့်အလမ်း ဖိုရမ် ၂၀၀၅တွင် တက်ရောက်နေသူ တစ်ဦးလည်း ဖြစ်သည်။

ပထမဆုံးအနေဖြင့် အသိပညာကြွယ်ဝအောင်ပြုလုပ်ရန်နှင့် အလုပ်ကို ကြိုးကြိုးစားစား လုပ်ဆောင်ကြရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၎င်းက ပြောကြားသည်။ ဒုတိယအနေဖြင့် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှု၊ အလုပ်လက်မဲ့ ကိစ္စရပ်များ၊ မြို့ပြနှင့် ကျေးရွာများတွင် တည်ငြိမ်အေးချမ်းမှုများ ညီတူညီမျှဖြစ်စေရေး ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်းလည်း ချန်က ပြောကြားသည်။

## ပြောကြား

ထို့အပြင် ချမ်းသာသည့် နိုင်ငံများအနေဖြင့် ဆင်းရဲသောနိုင်ငံများ၏ လူနေမှုအဆင့်အတန်းတိုးတက်စေရန် ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများကိုလည်း တတ်စွမ်းသမျှ ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်းလည်း မစ္စတာချန်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဘဂ္ဂဒက်၌အသေခံကားဗုံးဖောက်ခွဲ လူလေးဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

ဘဂ္ဂဒက် မေ ၁၈

**ဘဂ္ဂဒက်မြို့လယ်ပိုင်း၌ မေ ၁၄ရက်နေ့တွင် အီရတ်ရဲတပ်ဖွဲ့ယာဉ်တန်းတစ်ခုအတွင်းသို့ အသေခံဗုံးခွဲသူတစ်ဦးက ထောင်ချောက်ဗုံးဆင်ထားသော ကားတစ်စီးဖြင့် ဝင်ရောက်ဖောက်ခွဲခဲ့သဖြင့် လေးဦးသေဆုံးခဲ့ပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။**

## လွင့်ပျံ့လျက်ရှိ

အဆိုပါ ဖောက်ခွဲမှုမှာ အီရတ်စက်မှုဝန်ကြီးဌာနအနီးရှိ လမ်းတစ်လမ်းပေါ်တွင် ၎င်းနေ့မွန်းလွဲ ၁း၃၀နာရီက ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးခိုးလိပ်များ ကောင်းကင်တွင် လွင့်ပျံ့လျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒဏ်ရာရသူများတွင် ရဲအရာရှိနှစ်ဦးပါဝင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ ယင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ အမေရိကန်စစ်ဘက်က သတင်းချက်ချင်း ထုတ်ပြန်မှု မရှိသေးပေ။ လက်နက်ကိုင်ပြောက်ကျားများသည် လွန်ခဲ့သည့်သီတင်းနှစ်ပတ်က တိုးမြှင့်တိုက်ခိုက်ခဲ့ရာ ဧပြီလ ၂၈ရက်တွင် လွှဲပြောင်းခဲ့သည့် အစိုးရသစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီးကတည်းက လူ၄၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်တောင်ပိုင်းတွင် တိုက်ပွဲများ ဖြစ်ပွားစဉ် ဒဏ်ရာရရှိခဲ့သော အမျိုးသမီးငယ်တစ်ဦးကို မေ ၁၇ ရက်က ဆေးရုံပေါ်၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ကဘူးမြို့တွင် အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြကန်တပ်ဖွဲ့ဝင်များ ပစ်ခတ်မှုကြောင့် ဆန္ဒပြသူလေးဦးသေဆုံး

ကဘူး မေ ၁၉

**အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးရှိ လမ်းများပေါ်တွင် မေ ၁၂ရက် နံနက်ပိုင်းက ရာပေါင်းများစွာသော ပြည်သူများက အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြမှုများ ပြုလုပ်ခဲ့ရာ ယင်းကဲ့သို့ ဆန္ဒပြသူများကို အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အာဖဂန်နစ္စတန် ရဲတပ်ဖွဲ့ဝင်များက ပစ်ခတ်မှုကြောင့် ဆန္ဒပြသူ လေးဦးသေဆုံးပြီး ၇၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။**

ဆန္ဒပြသူများက ကြွေးကြော်သံများ ကြွေးကြော်ပြီး ကဘူးမြို့ အဓိကကျသော လမ်းများတစ်လျှောက် ချီတက်ဆန္ဒပြခဲ့ရာ ယင်းနေရာများတွင် အစိုးရတပ်ဖွဲ့ဝင်များကို အဓိကရုဏ်းများ မဖြစ်အောင် တပ်ဖြန့်ချထားကြောင်းလည်း သိရသည်။

## စတင်ဆန္ဒပြခဲ့

အာဖဂန် ပြည်သူများအနေဖြင့် ကျူးဘားနိုင်ငံအလယ်ပိုင်းရှိ ဂွမ်တာနာမို အကျဉ်းစခန်းတွင် အမေရိကန်စစ်ဆေးရေးမှူးများက အကျဉ်းကျသူများအား မတော်မတရားပြုမှုများ ပြုလုပ်ခဲ့ကြသည်ဟု နယူးဝိစ်မဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် သတင်းတစ်ရပ်ကြောင့် ဒေါသထွက်ခဲ့ကြပြီး မေ ၁၀ရက် (အင်္ဂါနေ့)တွင် အာဖဂန်နစ္စတန်နိုင်ငံ ဂျာလာလာဘတ်မြို့ အရှေ့ပိုင်း၌ စတင်ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

## ပျံ့နှံ့သွားခဲ့

ထိုကဲ့သို့ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြမှုများသည် မေ ၁၁ရက်တွင် အာဖဂန်နစ္စတန် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အခွန်ဆိုင်ရာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ အမြဲဆည်းပူးလေ့လာ နိုင်ငံတော်၏ရည်မှန်းချက်နှင့် လိုက်လျောညီထွေ အခွန်စနစ်ဖြစ်ရေး ကြိုးပမ်း

ရန်ကုန် မေ ၂၀

**ပြည်တွင်းအခွန်များ ဦးစီးဌာန၏ ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ် အခွန်အရပ်ရပ်ကောက်ခံရရှိမှုများအပေါ် သုံးသပ်ခြင်းနှင့် ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ် အခွန်လုပ်ငန်းဆိုင်ရာများ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာနရုံးချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက် အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

အဆိုပါအခမ်းအနားသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ တိုင်း အခွန်ဦးစီးမှူးများ၊ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

## ကြိုးပမ်းဆောင်ရွက်

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကား ပြောကြားရာတွင် ပြည်နယ်၊တိုင်း အခွန်ဦးစီးမှူးများအားလုံး လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးအတွက် အခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများနှင့် လုပ်ထုံးလုပ်နည်းများကို အမြဲမပြတ် ဆည်းပူးလေ့လာနေရန် လိုအပ်ကြောင်း၊ ဒေသအလိုက် စီးပွားရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးမှု အနေအထားများကို လေ့လာကြပြီး အခွန်ကောက်ခံရာတွင် အခွန်ဆိုင်ရာဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပကတိအခြေအနေများနှင့် မှန်ကန်မျှတသည့် စည်းကြပ်မှုဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

အခွန်ပေးဆောင်မှုနည်းစနစ်များကို အများပြည်သူ အလွယ်တကူ သိရှိဆောင်ရွက်နိုင်မှ ဌာနရည်မှန်းချက်ဖြစ်သော ညီညွတ်မျှတသည့် အခွန်စနစ်၊ ပြည်သူများ လိုလားစွာ ပါဝင်သည့် အခွန်စနစ်မျိုး ဖြစ်ပေါ်လာနိုင်မှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး ရည်မှန်းချက်များနှင့် လိုက်လျောညီထွေရှိသော ထိရောက်ထက်မြက်သည့် အခွန်စနစ် ဖြစ်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်၏ စွမ်းဆောင်နိုင်မှုကို စံနမူနာယူပြီး ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်အတွင်း အရှိန်အဟုန်မပျက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ် အခွန်အရပ်ရပ်ကောက်ခံရရှိမှုများအပေါ် သုံးသပ်ခြင်းနှင့် ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ် အခွန်လုပ်ငန်းဆိုင်ရာများ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကို မေ ၂၀ ရက်မှ ၂၁ ရက်အထိ ရန်ကုန်မြို့ ပြည်တွင်းအခွန်များဦးစီးဌာနရုံးချုပ်၌ ကျင်းပမည်ဖြစ်ပြီး ပြည်နယ်၊တိုင်းအလိုက် ဘဏ္ဍာနှစ်အလိုက် အခွန်လုပ်ငန်းများဆိုင်ရာ အကောင်အထည်ဖော်နိုင်မှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးညှိနှိုင်းကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိုးထစ်ချုန်းဖွယ်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းဆင်း

ရန်ကုန် မေ ၂၀

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းအမှတ်စဉ်(၅/၂၀၀၅)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မီးသတ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး စံပြဆု၊ စစ်ရေးပြ ထူးချွန်ဆုနှင့် မီးသတ်ပညာထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

သင်တန်းသို့ သင်တန်းသား ၁၀၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ထပ်မံသတင်းရရှိ

**ရန်ကုန် မေ ၂၀**

၂၀-၅-၂၀၀၅ ရက်နေ့ထုတ် သတင်းစာများတွင် ဖော်ပြပါရှိသည့် ပညာသင်စရိတ် ပံ့ပိုးငွေများ ပေးအပ်လှူဒါန်းသည့် သတင်း၌ အလှူရှင်မှာ "ဓနအောင် ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးစိုးသိန်းနှင့် ဇနီး ရန်ကုန်တိုင်း တွဲဖက်တရားသူကြီး ဒေါ်ခင်ချို အုံး"အစား "ဓနအောင် ကုမ္ပဏီလီမိတက်မန်နေဂျင်း ဒါရိုက်တာ ဦးစိုးသိန်းနှင့် ဇနီး ရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်ချိုအုန်း"ဖြစ်ကြောင်းထပ်မံသတင်းရရှိသည်။ **(သတင်းစဉ်)**

# လက်နက်ကိုင်အဖွဲ့တွေရှိနေတဲ့ ဒေသတွေမှာ နိုင်ငံတော်က ဘယ်လောက်ပဲဖွံ့ဖြိုးရေးလုပ်ပေးပေး ဖွံ့ဖြိုးတိုးတက်သင့်သလောက် မတိုးတက်တာတွေ့ရ

● **ကျော်ဖုံးမှ**

ကျွန်တော်တို့ လက်နက်ကိုင်အဖွဲ့တွေရှိနေတဲ့ ဒေသတွေမှာတော့ နိုင်ငံတော်အစိုးရက ဘယ်လောက်ပဲဖွံ့ဖြိုးရေးလုပ်ပေးပေး ဒေသခံလူထုအနေနဲ့ ၎င်းတို့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေတဲ့ ဆက်ကြေးတွေကြောင့် အလုပ်ကိုကြိုးစားလုပ်လိုစိတ်မရှိဘဲ ဝမ်းဝရုံသာစိုက်ပျိုးထုတ်လုပ်နေကြတော့ ဖွံ့ဖြိုးတိုးတက်သင့်သလောက် မတိုးတက်တာတွေ့ရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးမူတွေချပြီး ကျွန်တော်တို့ဒေသရဲ့ ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနေပေမယ့် ဝန်ထမ်းတွေ ရဲရဲဝံ့ဝံ့မလာရဲတာကြောင့် ကျွန်တော်တို့ လက်နက်ကိုင်အဖွဲ့တွေရှိနေတဲ့ ဒေသတွေဟာ ထိထိရောက်ရောက်အကျိုးမခံစားကြရပါဘူး။

နိုင်ငံတော်အစိုးရနဲ့ ဒေသအာဏာပိုင် တာဝန်ရှိသူများက ကျွန်တော်တို့ဒေသအတွက် ဖွံ့ဖြိုးရေးတွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးတွေ တိုးတက်ပြီး ပြည်သူလူထု လူနေမှုအဆင့်အတန်း တိုးတက်အောင် လုပ်ပေးနေတာ၊ အောင်မြင်နေတာတွေဟာ ကျွန်တော်တို့အတွက်တော့ နေရထိုင်ရ ပို၍ပို၍ ခက်လာပါတယ်။

## ပြန်လည်သုံးသပ်မိ

ပြည်သူလူထုမျက်နှာ၊ နိုင်ငံတော်အစိုးရရဲ့မျက်နှာကို ရင်ဆိုင်မကြည့်ဝံ့တဲ့ ခံစားချက်တွေ တစ်နေ့တခြားတိုးပွားပြီး ကိုယ့်အဖွဲ့တွေရဲ့လုပ်ရပ်ကို ပြန်လည်သုံးသပ်မိတာ ကြာလာကြပါပြီ။

ဒီလိုအခြေအနေမျိုးမှာပဲ ကျွန်တော်တို့ SSNA အဖွဲ့မှ တပ်မဟာ(၁၁)မှူး ဦးကန်နဟာ ၂၀၀၅ ခုနှစ် ဧပြီလ ၁၂ ရက်မှာ ၎င်းတို့တပ်ဖွဲ့ဝင်အားလုံး တညီတညွတ်တည်း လက်နက်နဲ့ ထာဝရ ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်လိုက်တာဟာကျွန်တော်တို့အဖွဲ့အတွက်သာမက ရှမ်းပြည်နယ်အပါအဝင် တစ်နိုင်ငံ လုံးမှာရှိတဲ့ လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့တွေအတွက် **"မီးရှူးတန်ဆောင်လိုရှေ့ဆောင်လမ်းပြ"** လိုက်တာပါပဲ။

## ထာဝရအလင်းရောင်

ဒါနဲ့အတူ ဧပြီလ ၂၉ ရက်နေ့မှာ ဦးအိုက်မုန်းခေါင်းဆောင်တဲ့ ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့က တစည်းတလုံးတည်း လက်နက်နဲ့ ထာဝရငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ခဲ့တာဟာကျွန်တော်တို့အတွက် စံနမူနာယူစရာ ဖြစ်ခဲ့သလို ကျွန်တော်တို့ ပြည်နယ် အပါအဝင် တစ်တိုင်း တစ်ပြည်လုံးအတွက် စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေးအလင်းရောင် ပေါ်ထွန်းခဲ့တာ ဖြစ်ပါတယ်။

## မှားယွင်းတဲ့လုပ်ရပ်

ဒီလို ထာဝရငြိမ်းချမ်းရေးအလင်းရောင်တွေ ပေါ်ထွန်းလာပြီး ဒေသခံပြည်သူလူထု ဖွံ့ဖြိုးတိုးတက်မှုနဲ့ ငြိမ်းချမ်းမှုရဲ့ အရသာကို ခံစားနေရတာကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ဖို့ စဉ်းစားမိလာတုန်းမှာ ပြည်ပြေးစဝ်ခမ်ဖက ရုတ်တရက်ထပြီး ရှမ်းပြည်နယ်ကိုခွဲထွက်၍ လွတ်လပ်ရေးကြေညာတာက ပေါ်လာတယ်။ ဒါဟာ အင်မတန်ဆိုးရွားပြီး မှားယွင်းတဲ့ လုပ်ရပ်ကြီး ဖြစ်ပါတယ်။

စဝ်ခမ်ဖဟာ ပြည်ပြေးတစ်ဦးဖြစ်ပြီး ငယ်စဉ်ကတည်းက ပြည်ပရောက်နေတဲ့သူ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေသခံ ရှမ်းတိုင်းရင်းသားညီအစ်ကိုများရဲ့ ဒီနေ့ဖြစ်ပေါ်ခံစားနေကြရတဲ့ ခံစားချက်ကို သူလုံးဝ မသိနိုင်ပါဘူး။

ကျွန်တော်တို့က ငြိမ်းချမ်းတည်ငြိမ်မှုအတွက် လက်နက်ကို အပြီးအပိုင်စွန့်လွှတ်ဖို့ လုပ်နေတဲ့ အချိန်မှာ ကျွန်တော်တို့ ရှမ်းပြည်နယ်ကိုရရှိပြီး တည်ငြိမ်အေးချမ်းမှုကို ပျက်အောင်တမင်လုပ်လိုက်တာ ဖြစ်ပါတယ်။

## ချက်ချင်းတုံ့ပြန်

ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ ညီအစ်ကိုလူမျိုးစုအချင်းချင်း စိတ်ဝမ်းကွဲပြီး သွေးချောင်းစီးအောင် တမင်လုပ်ကြံလိုက်တဲ့ လုပ်ရပ်ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ဘယ်တော့မှမထောက်ခံပါဘူး၊ ချက်ချင်းပဲ ဒါကိုတုံ့ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

## ထာဝရငြိမ်းချမ်းရေး

ဒီနေ့အချိန်အခါဟာ လက်နက်စွဲကိုင်ပြီး လူထုကိုအကြောက်တရားနဲ့ ခြိမ်းခြောက်၊ အခွန်အခဆက်ကြေးကောက်ပြီးဖိနှိပ်နေရမယ့်အချိန်မဟုတ်တော့ပါဘူး။ နိုင်ငံတော်အစိုးရရဲ့ စစ်မှန်တဲ့စေတနာ၊ လူမျိုးဘာသာ တောင်ပေါ် မြေပြန့် မခွဲခြားဘဲ တစ်ပြေးညီဖွံ့ဖြိုးအောင် ဆောင်ရွက်နေချိန်မှာ ကျွန်တော်တို့ တိုင်းရင်းသားတွေ၊ နယ်မြေလူထုတွေ အပြည့်အဝခံစားနိုင်အောင် လက်နက်တွေ စွန့်လွှတ်ပြီး စစ်မှန်တဲ့ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ရမယ့် အချိန်အခါဖြစ်နေပြီလို့ ယုံကြည်ပါတယ်။

**ပြည်ပပယောဂ သွေးထိုးမြှောက်ပင့်မှုနဲ့ ကျွန်တော်တို့ရှမ်းပြည်နယ်ကိုလွတ်လပ်ရေးကြေညာပြီး ခွဲထွက်ဖို့ကြိုးစားနေတဲ့ ပြည်ပြေးစဝ်ခမ်ဖရဲ့ လုပ်ဆောင်ချက်နဲ့ပြည်တွင်း ပြည်ပ အဖျက်သမားတို့ စည်းဝါးကိုက်ပြီး ကျွန်တော်တို့ တိုင်းပြည်နဲ့ လူမျိုးပျက်စီးရာပျက်စီးကြောင်း ဒုက္ခရောက်စေဖို့ဆောင်ရွက်နေတဲ့အတွက် ဒီလိုအန္တရာယ်ကို နိုင်ငံတော်အစိုးရနဲ့လက်တွဲပြီး စည်းစည်းလုံးလုံး ခုခံကာကွယ်ဖို့ လိုအပ်နေပါပြီ။**

## ပူပြင်ရန်အချိန်တန်

ပြည်ပြေးစဝ်ခမ်ဖအဖွဲ့ရဲ့ လုပ်ရပ်တွေကိုလဲ ကျွန်တော်တို့ ရှမ်းပြည်နယ် ပြည်သူလူထုတစ်ရပ်လုံးက နေရာဒေသအသီးသီးမှဆန့်ကျင်ရှုတ်ချနေကြပါပြီ။ ဒီအချိန်မှာ လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်ဘဲ နိုင်ငံတော် အစိုးရအပေါ် သံသယစိတ်နဲ့ ရပ်တည်နေဖို့လုံးဝမသင့်လျော်တော့ပါဘူး။ ကျွန်တော်တို့ရဲ့ မှားယွင်းခဲ့တဲ့ လုပ်ရပ်အပေါ် အချိန်မီ ရဲရဲဝံ့ဝံ့ ပူပြင်ကြဖို့ အချိန်တန်လာပါပြီ။

နိဂုံးချုပ်အားဖြင့် ကျွန်တော်တို့ အမြင်မှန်ရလာကြတဲ့ SSNA တပ်မဟာ(၁၉)မှ တပ်ဖွဲ့ဝင်များအားလုံးအပေါ် စာနာခွင့်လွှတ်စိတ် အပြည့်အဝဖြင့် ယခုကဲ့သို့နွေးနွေးထွေးထွေး သောင်းသောင်းဖြဖြ ကြိုဆိုကြတဲ့ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား ပြည်သူများအားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

## ထောက်ပံ့ပစ္စည်းများ

**ရှမ်းပြည်အမျိုးသား တပ်မတော် (SSNA) တပ်မဟာ(၁၉) တပ်ဖွဲ့ အတွက် နိုင်ငံတော်က ထောက်ပံ့သော အဝတ်အထည်နှင့် ဂုဏ်ပြုပစ္စည်း များ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်က ထောက်ပံ့သည့် ပစ္စည်းများကို တွေ့ရစဉ်။**
(သတင်းစဉ်)

# ကျဉ်းမြောင်းတဲ့အတွေးအခေါ် နဲ့ နိုင်ငံတော်ကို လက်နက်စွဲကိုင်ဆန့်ကျင်ခဲ့တာ နှစ်ပေါင်းရှည်ကြာခဲ့သော်လဲ ဒေသခံတိုင်းရင်းသားတွေကို ဘာအကျိုးမှုမပြုနိုင်

ရန်ကုန် မေ ၂၀

**၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးဂုဏ်ခေး ခေါင်းဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့်အခမ်းအနားတွင် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)ဌာနချုပ်မှ ဗိုလ်ကြီးအဆင့်ရှိ မွမ်းဖပြောကြားသည့် မိမိတို့ တစည်းတလုံးတည်း လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံပြီး အပြည့်အဝ ငြိမ်းချမ်းရေးနှင့် လက်နက်များ လဲလှယ်ရခြင်းအကြောင်းရင်းနှင့် ကျေးဇူးတင်စကားမှာ အောက်ပါအတိုင်းဖြစ်သည်-**

## ခေတ်နောက်ကျခဲ့

ကျွန်တော်တို့ဟာ တစ်ချိန်က ကျဉ်းမြောင်းတဲ့အတွေးအခေါ်နဲ့ နိုင်ငံတော်ကို လက်နက်စွဲကိုင်ဆန့်ကျင်ခဲ့တာ နှစ်ပေါင်းရှည်ကြာခဲ့သော်လဲ တကယ်တမ်း ကျွန်တော်တို့ ဒေသခံတိုင်းရင်းသားတွေကို ဘာအကျိုးကျေးဇူးမျှ မပြုနိုင်တဲ့အပြင် ဆိုးရွားတဲ့အကျိုးဆက်တွေသာ ခံစားစေခဲ့တဲ့အတွက် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကအစ ခေတ်နောက်ကျခဲ့ရပါတယ်။

ကျွန်တော်တို့အဖွဲ့ဟာ လက်နက်စွဲကိုင်ပြီး ဥပဒေဘောင်အတွင်းမှာ ဝင်ရောက်ခဲ့တယ်ဆိုပေမယ့် တကယ်တမ်းမှာတော့ ဒေသခံတိုင်းရင်းသားပြည်သူလူထုအပေါ်မှာ အခွန်အကောက် ဆက်ကြေးများ ကောက်ခံ စားသောက်နေရတာ ဖြစ်ပါတယ်။ ပြည်သူလူထုအတွက်တော့ ကျွန်တော်တို့ကြောင့် မလွတ်မလပ်နဲ့ အခွန်အခ ဆက်ကြေးများရဲ့ဒဏ်ကို ခံစားနေရဆဲပဲဖြစ်ပါတယ်။

**ယခုလို ကျွန်တော်တို့တစ်ဖွဲ့လုံး ကိုင်စွဲထားတဲ့လက်နက်တွေကို နိုင်ငံတော်အား အပြီးအပိုင် လွှဲပြောင်းအပ်နှံပြီး ထာဝရငြိမ်းချမ်းရေး တည်ဆောက်လိုက်ခြင်းဖြင့် ကျွန်တော်တို့တပ်ဖွဲ့ဝင်တွေဟာ ပြည်သူတွေကြားမှာ ပြည်သူများအဖြစ် ရပ်တည်သွားကြမှာဖြစ်ပါတယ်။**

ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသော်လဲ လက်နက်စွဲကိုင်ထားတဲ့အဖွဲ့တွေ ရှိနေပါတယ်။

ဒါ့အပြင် ကြွင်းကျန်နေသေးတဲ့ အဖျက်သမားသောင်းကျန်းသူလက်နက်ကိုင်အဖွဲ့များကလဲ နည်းပေါင်းစုံနဲ့ အဖျက်အမှောင့်တွေ လုပ်နေကြပြန်တယ်။

## အဖျက်လုပ်ငန်း

ပြည်ပြေး စဝ်ခမ်ဖကလဲ တစ်သက်လုံး ငယ်စဉ်ကတည်းက ပြည်ပြေးလုပ်နေရာက အခုမှ သူ့ကိုယ်သူ သမ္မတခန့်ပြီး ရှမ်းပြည်နယ်ကို လွတ်လပ်ရေးကြေညာတာဟာ ကျွန်တော်တို့ ဒေသခံတိုင်းရင်းသားတွေ ပျက်စီးရာ

ရှမ်းပြည် အမျိုးသား တပ်မတော် (SSNA)တပ်မဟာ (၁၉) ဌာနချုပ်မှ ဗိုလ်ကြီးအဆင့်ရှိ မွမ်းဖက မိမိတို့ တစည်း တလုံး တည်း လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံပြီး အပြည့်အဝ ငြိမ်းချမ်းရေးနှင့် လက်နက်များ လဲလှယ်ရခြင်း အကြောင်းရင်းနှင့် ကျေးဇူး တင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ပျက်စီးကြောင်း အဖျက်လုပ်ငန်း လုပ်လိုက်တာပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဒီလို နိုင်ငံခြားအားကိုးနဲ့ ပြည်ပြေးစဝ်ခမ်ဖရဲ့ လုပ်ရပ်ကို ပြည်သူတွေ၊ ဒေသခံတိုင်းရင်းသားတွေနဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာတဲ့ လက်နက်ကိုင်အဖွဲ့တွေကပါ ဆန့်ကျင်ရှုတ်ချနေကြပါပြီ။

## လမ်းကြောင်းမှန်ပေါ်ရောက်

ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာရှိနေကြတဲ့ လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့များအပါအဝင် အခြားပြည်နယ်တွေမှာရှိနေကြတဲ့ ညီအစ်ကိုလက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့များကို ကျွန်တော်တို့ ရှမ်းပြည်အမျိုးသားတပ်မတော် တပ်မဟာ(၁၉)ကဲ့သို့ လက်နက်နှင့် ထာဝရငြိမ်းချမ်းရေး လဲလှယ်ကြဖို့၊ မိဘပြည်သူတွေ လိုလားတောင့်တနေကြတဲ့ လမ်းကြောင်းအမှန်ပေါ် အမြန်ရောက်ရှိလာကြဖို့ တိုက်တွန်းလိုပါတယ်။ ။

> ရှမ်းပြည်နယ်အတွင်းမှာ ရှိနေကြတဲ့ လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့များ အပါအဝင် အခြားပြည်နယ်တွေမှာ ရှိနေကြတဲ့ ညီအစ်ကို လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့များကို ကျွန်တော်တို့ ရှမ်းပြည်အမျိုးသား တပ်မတော် တပ်မဟာ(၁၉)ကဲ့သို့ လက်နက်နှင့် ထာဝရငြိမ်းချမ်းရေး လဲလှယ်ကြဖို့၊ မိဘပြည်သူတွေ လိုလားတောင့်တနေကြတဲ့ လမ်းကြောင်းအမှန်ပေါ် အမြန်ရောက်ရှိလာကြဖို့ တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အားဖြင့် ကျွန်တော်တို့ SSNA တပ်မဟာ(၁၉) တပ်ဖွဲ့ဝင်များအပေါ် ယခုလို ခွင့်လွှတ်နားလည်စိတ် အပြည့်အဝဖြင့် လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုကြတဲ့ တိုင်းရင်းသားညီအစ်ကိုအားလုံးတို့နဲ့ နိုင်ငံတော်အစိုးရအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် ယခင်က လုပ်ခဲ့မှားခဲ့မိတဲ့ အမှားမျိုး ဘယ်တော့မှ ထပ်မံမပြုလုပ်တော့ပါကြောင်း လေးလေးနက်နက် ကတိပြုပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

# SSNA တပ်မဟာ (၁၉)ဟာ ပြည်သူတွေရဲ့သဘောထားအမှန်ကိုသိရှိလာ၊ ရပ်မိရပ်ဖများဝမ်းသာမဆုံးဖြစ် မိမိဒေသနဲ့ပြည်သူ့အကျိုး ပြတ်ပြတ်သားသားဆုံးဖြတ်ခဲ့တဲ့ မွန်မြတ်သောစိတ်ဓာတ်ကိုဂုဏ်ယူ

ရန်ကုန် မေ ၂၀

**၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ဦးဂုဏ်ခေးခေါင်းဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် ရှမ်းတိုင်းရင်းသား ရပ်မိရပ်ဖ ဦးစိုင်းကြူက ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာမှူး ဦးဂုဏ်ခေးနှင့်အဖွဲ့အား ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ပြောကြားသည့် ကြိုဆိုဂုဏ်ပြုစကားနှင့် ဝမ်းမြောက်ကျေးဇူးတင်စကားမှာ အောက်ပါအတိုင်းဖြစ်သည်-**

## ကိုယ်တိုင်တွေ့ကြုံ

ယခု ကျွန်တော့်အသက် ၅၈နှစ် ရှိပါပြီ။ ၅၈နှစ် ကာလပတ်လုံး ဘယ်ကိုမှ မပြောင်းရွှေ့ပဲ နမ့်ပေါင်မှာနေပြီး နမ့်ပေါင်ဒေသကို ဦးဆောင်ခဲ့ရတဲ့ ရပ်မိရပ်ဖတစ်ဦးအနေနဲ့ လက်နက်ကိုင်ဆူပူမှုရဲ့ အနိဋ္ဌာရုံအဖြစ်ဆိုးတွေကို ကိုယ်တိုင်တွေ့ကြုံ ခံစားခဲ့ရသူဖြစ်ပါတယ်။

ကျွန်တော့်မိတ်ဆွေ အပေါင်းအသင်း ကျေးရွာအကြီးအကဲအချို့ဟာ ဥပဒေမဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အထင်အမြင်မှားမှုကိုခံရပြီး အသက်ပါဆုံးပါးသွားခဲ့ရပါတယ်။

ကျေးရွာအကြီးအကဲများဟာ လက်နက်ကိုင်အဖွဲ့အစည်းရဲ့ အမှားကို ဘယ်လိုပဲ သိမြင်နေပါစေ၊ အမှန်ကို ဖွင့်မပြောရဲခဲ့ပါဘူး။ မိမိနဲ့ မိမိမိသားစုဘဝနဲ့အသက်ရှင် ရပ်တည်နေနိုင်ရေးအတွက် ဒေသခံပြည်သူတွေရဲ့ ဒုက္ခကိုမြင်လျက်နဲ့ မသိချင်ယောင်ဆောင်ခဲ့ကြရပါတယ်။

**ကျေးဇူးတင်စကားပြောကြား**

ဒေသခံရှမ်း တိုင်း ရင်းသား ရပ်မိရပ်ဖ ဦးစိုင်းကြူက ကျေး ဇူး တင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

## ထွက်ပြေးတိမ်းရှောင်

ပြည်သူတွေဟာ သားယောကျ်ားလေး မွေးလာတာတောင်မှ အားပါးတရ မပျော်နိုင်ခဲ့ကြပါဘူး။ သားယောကျ်ားလေး မွေးလာလို့ သာသနာ့အမွေကို ခံရပြီ၊ ရှင့်အဖေ ရှင့်အမေ သာသနာ့ဒါယကာလို့ အမည်ခံရပြီလို့ ဝမ်းသာစိတ်ထက် ဘယ်တော့များ တောတွင်းလက်နက်ကိုင်တွေက လူသစ်စုမလဲဆိုတဲ့ စိုးရိမ်စိတ်၊ ကြောင့်ကြစိတ်ကသာ ပိုမိုခဲ့ပါတယ်။ တချို့ဆိုလျှင် မိမိတို့အိုးအိမ်၊ လယ်ယာ၊ ခြံ၊ မြေတွေကို ပစ်ခွာပြီး ထွက်ပြေးတိမ်းရှောင် နေထိုင်ကြရပါတယ်။

ကျွန်တော်ဟာ ဘုရားဖူးအဖွဲ့နဲ့ဖြစ်ဖြစ်၊ အလုပ်အကိုင်ကိစ္စနဲ့ဖြစ်ဖြစ် တခြားဒေသများကို ရောက်ဖူးခဲ့ပါတယ်။ ရောက်ခဲ့ဖူးတဲ့ ဒေသများမှာ အများအားဖြင့် ကျွန်တော်တို့ဒေသထက် ဖွံ့ဖြိုးတိုးတက်မှု အားကောင်းတာကို လေ့လာတွေ့ရှိရပါတယ်။

## တစ်ထစ်ချယုံကြည်

ဒီလို ဖွံ့ဖြိုးတိုးတက်နေတဲ့ဒေသတွေကို ကျွန်တော်လေ့လာကြည့်တော့ ဒီဒေသတွေရဲ့ အားသာချက်က နယ်မြေတည်ငြိမ်အေးချမ်းမှုရှိခြင်းနဲ့ တရားဥပဒေစိုးမိုးမှု အပြည့်အဝရှိခြင်းတို့ပဲ ဖြစ်ပါတယ်။

ဒါကြောင့် **ကျွန်တော်တို့ဒေသမှာ ဥပဒေမဲ့ လက်နက်ကိုင်ဆောင်မှုတွေ မရှိတော့ရင် အခြားဒေသများနည်းတူ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ တစ်ထစ်ချယုံကြည်ပါတယ်။**

ကျွန်တော်တို့ နမ့်ပေါင်ဒေသဟာ ရေမြေသဘာဝ အခြေခံကောင်းတဲ့ အရပ်ဖြစ်ပါတယ်။ စပါးအထွက်ကောင်းသလို လိမ္မော်ခြံ၊ ကမ္ဘလာခြံတွေ၊ ပဲ၊ ပြောင်း၊ နှမ်းသီးနှံတွေ စိုက်ပျိုးဖြစ်ထွန်းတဲ့ ပဋိရူပအရပ် ဖြစ်ပါတယ်။

ဖွံ့ဖြိုးနိုင်ပါလျက်နဲ့၊ တိုးတက်နိုင်ပါလျက်နဲ့ လက်နက်ကိုင် ဆူပူမှုရဲ့ ဒဏ်ကြောင့်သာ တိုးတက်မှု နှေးကွေးနေတယ်လို့ ကျွန်တော်တို့အားလုံး သဘောပေါက်ထားကြပါတယ်။

## ဝမ်းသာမဆုံး

ဒီကနေ့မှာတော့ ဦးဂုဏ်ခေးနဲ့ ဦးခမ်းလျှန်တို့ ခေါင်းဆောင်တဲ့ SSNA တပ်မဟာ(၁၉)ဟာ ပြည်သူတွေရဲ့ သဘောထားအမှန်ကို သိရှိလာပြီး ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်ခဲ့တဲ့အတွက် ကျွန်တော်တို့ ကျေးရွာအကြီးအကဲတွေ၊ ရပ်မိရပ်ဖတွေအားလုံး ဝမ်းသာမဆုံး ဖြစ်ကြရပါတယ်။

မိမိတို့ဒေသ၊ မိမိတို့ပြည်သူတွေရဲ့အကျိုးအတွက် ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့ကြတဲ့ SSNA တပ်ဖွဲ့ဝင်အားလုံးရဲ့ မွန်မြတ်တဲ့စိတ်ဓာတ်ကို ဂုဏ်ယူလေးစားပါတယ်။

ဦးဂုဏ်ခေး၊ ဦးခမ်းလျှန်နဲ့တကွ အဖွဲ့ဝင်တွေအားလုံး ကျွန်တော်တို့ ချစ်မြတ်နိုးတဲ့ ဒီနမ့်ပေါင်မြေပေါ်မှာ လက်ရည်တစ်ပြင်တည်း လုပ်ကိုင်စားသောက်ကြရင်း တိုးတက်ကြပါစေ၊ ဘဝနောင်ရေး အေးချမ်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

> **ဖွံ့ဖြိုးနိုင်ပါလျက်နဲ့၊ တိုးတက်နိုင်ပါလျက်နဲ့ လက်နက်ကိုင်ဆူပူမှုရဲ့ ဒဏ်ကြောင့်သာ တိုးတက်မှု နှေးကွေးနေတယ်လို့ ကျွန်တော်တို့အားလုံး သဘောပေါက်ထားကြပါတယ်။**

# ဥပဒေဘောင်အတွင်းမှ လက်နက်ကိုင်နေလို့ ပြည်သူလူထုကို ဘာမျှအကျိုးမပြုနိုင် လက်နက်နဲ့ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ပြီး ထာဝရတည်ငြိမ်အေးချမ်းမှုဆောင်ရွက်

ရန်ကုန် မေ ၂၀

**၁၉၈၉ ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးဂုဏ်ခေး ခေါင်းဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) တပ်မဟာ (၁၉)က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင်စွန့်လွှတ်အပ်နှံ လဲလှယ်သည့်အခမ်းအနားတွင် ရှမ်းတိုင်းရင်းသား ရပ်မိရပ်ဖ ဦးစိုင်းမွန်းက ရှမ်းပြည်နယ်အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂုဏ်ခေးနှင့်အဖွဲ့အား ဒေသခံတိုင်းရင်းသား ပြည်သူများကိုယ်စား ပြောကြားသည့် ကြိုဆိုဂုဏ်ပြုစကားနှင့် ဝမ်းမြောက်ကျေးဇူးတင်စကားမှာ အောက်ပါအတိုင်းဖြစ်သည်–**

SSNA တပ်မဟာ (၁၉) တပ်မဟာမှူးဦးဂုဏ်ခေးဟာ ကျွန်တော်နဲ့ ယခင်ကတည်းက ညီအစ်ကိုလို ရင်းနှီးခဲ့သူဖြစ်ပါတယ်။ ဦးဂုဏ်ခေးအနေနဲ့ လက်နက်စွဲကိုင်ပြီး ပြည်သူလူထုထံမှ ဆက်ကြေးများကောက်ခံပြီး ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်နေတာကို အမြင်မှန်ရလာတဲ့အပြင် SSNAတပ်မဟာ (၁၁) ဦးကန်နနှင့် PSLAပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ ဦးအိုက်မုန်းတို့ လက်နက်နှင့် ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ခဲ့တာကို တွေ့ရှိခဲ့ပါတယ်။

ဒီအဖွဲ့တွေကို နိုင်ငံတော်အစိုးရအနေနဲ့ နွေးထွေးစွာကြိုဆိုပြီး ဒေသဖွံ့ဖြိုးရေးတွေ ချက်ချင်းလုပ်ကိုင်ပေးနေတာ တွေ့နေရတော့ ဦးဂုဏ်ခေးမှ ၎င်းတို့အဖွဲ့အနေဖြင့် လက်နက်နှင့် ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်လိုကြောင်း ကျွန်တော်နဲ့ တိုင်ပင်ဆွေးနွေးလာပါတယ်။

## အင်မတန်ကောင်းမွန်

ကျွန်တော်ကလဲ ၎င်းတို့အဖွဲ့အနေဖြင့် ယခုလို လက်နက်ကိုင်ပြီး နေသမျှ ပြည်သူလူထုကို အကျိုးပြုနိုင်မှာ မဟုတ်ဘဲ ပြည်သူလူထုအတွက် ဝန်ထုပ်ဝန်ပိုးသာ ဖြစ်နေမှာဖြစ်လို့ ငြိမ်းချမ်းရေးနဲ့ လက်နက်အပြီးအပိုင် လဲလှယ်ခြင်းဟာ SSNA တပ်မဟာ(၁၉) အတွက်ရော ဒေသခံပြည်သူလူထုအတွက်ပါ အင်မတန်ကောင်းမွန်မှာ ဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

၂၀၀၅ ခုနှစ် မေလ ၁၇ ရက်နေ့မှာ ကျွန်တော်နဲ့ SSNAတပ်မဟာ(၁၉) တပ်မဟာမှူး ဦးဂုဏ်ခေးတို့ဟာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်ထံ သွားရောက်ပြီး ဦးဂုဏ်ခေးက ၎င်းတို့အဖွဲ့ လက်နက်နှင့် ထာဝရငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်လိုကြောင်း တင်ပြခဲ့ပါတယ်။

တိုင်းမှူးက ဝမ်းပန်းတသာကြိုဆိုခဲ့ပြီး ယခုလို အမြင်မှန်ရပြီး လမ်းကြောင်းမှန်ပေါ်တက်လာတဲ့ ဦးဂုဏ်ခေးတို့ တပ်မဟာ(၁၉)မှ အဖွဲ့ကို တိုင်းစစ်ဌာနချုပ်မှလည်းကောင်း၊ နိုင်ငံတော်မှလည်းကောင်း ဂုဏ်ပြုကြိုဆိုမှာဖြစ်ပြီး အဖွဲ့အတွက်ရော ဒေသခံပြည်သူလူထုအတွက်ပါ ဖွံ့ဖြိုးရေးတွေ ဆောင်ရွက်ပေးမှာဖြစ်ကြောင်း။

## အရှိန်အဟုန်နဲ့ဆောင်ရွက်

မကြာခင်က လက်နက်နှင့်ထာဝရငြိမ်းချမ်းရေးလဲလှယ်ခဲ့တဲ့ SSNA တပ်မဟာ(၁၁) ဦးကန်နနှင့် PSLAအဖွဲ့မှ ဦးအိုက်မုန်းတို့အဖွဲ့ကို နိုင်ငံတော်က ထောက်ပံ့ပေးသလို ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးမှာ အရှိန်အဟုန်နဲ့ ဆောင်ရွက်ပေးနေကြောင်း ပြောကြားခဲ့ပါတယ်။

**ကျေးဇူးတင်စကားပြောကြား**

ဒေသခံ ရှမ်းတိုင်းရင်းသား ရပ်မိရပ်ဖ ဦးစိုင်းမွန်းက ကျေးဇူး တင်စကားပြောကြားစဉ်။ (သတင်းစဉ်)

အမှန်တကယ်လဲ ဦးကန်နတို့ရဲ့ စယ်အူဒေသနဲ့ ဦးအိုက်မုန်းတို့ရဲ့ ပလောင်ဒေသမှာ အရှိန်အဟုန်နဲ့ဖွံ့ဖြိုးရေးတွေ ဆောင်ရွက်ပေးနေပြီဖြစ်ပါတယ်။

**ယခုလို SSNA တပ်မဟာ (၁၉)မှ ဦးဂုဏ်ခေးတို့ အဖွဲ့အနေဖြင့် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်လိုက်တဲ့အတွက် ၎င်းတို့အဖွဲ့အတွက်ရော၊ နမ့်ပေါင်ဒေသအတွက်ရော အထူးကောင်းမွန်ပြီး ဒေသလဲ ဖွံ့ဖြိုးတိုးတက်လာတော့မှာ ဖြစ်ပါတယ်။**

## မလွဲကေန်ဖြစ်

လက်နက်ကိုင်ထားသော တခြားအဖွဲ့များအနေနဲ့လဲ ဦးဂုဏ်ခေးအဖွဲ့လို အမြင်မှန်ရပြီး လက်နက်နှင့် ထာဝရငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ကြမယ်ဆိုရင် ကျွန်တော်တို့ ရှမ်းပြည်နယ်ကြီးဟာ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လာမှာ မလွဲကေန် ဖြစ်ပါတယ်။

**လက်နက်ကိုင်ထားသော တခြားအဖွဲ့များ အနေနဲ့လဲ ဦးဂုဏ်ခေး အဖွဲ့လို အမြင်မှန်ရပြီး လက်နက်နှင့် ထာဝရငြိမ်းချမ်းရေး အပြီး အပိုင် လဲလှယ်ကြမယ်ဆိုရင် ကျွန်တော်တို့ ရှမ်းပြည်နယ်ကြီးဟာ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လာမှာ မလွဲကေန်ဖြစ်ပါတယ်။**

ဒါကြောင့် ညီအစ်ကို လက်နက်ကိုင်အဖွဲ့များကို ကျွန်တော့်အနေနဲ့ ဥပဒေဘောင်အတွင်းမှ လက်နက်ကိုင်နေလို့ ပြည်သူလူထုကို ဘာမျှအကျိုးမပြုနိုင်တဲ့အတွက် လက်နက်နဲ့ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ပြီး ပြည်သူလူထုအတွက် ထာဝရတည်ငြိမ်အေးချမ်းမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

# လက်နက်အပ်နှံပြီးတဲ့ ကျွန်မတို့ မောင်ဘွားအစ်ကိုတွေ မိသားစုရှိရာကို အသီးသီးပြန်ကြပါတော့မယ် ခြောက်သွေ့နေတဲ့ ထမင်းဝိုင်းတွေ ပြန်လည်စိုပြည်လာတော့မယ်

ရန်ကုန် မေ ၂၀

**၁၉၈၉ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ဦးဂုဏ်ခေးခေါင်းဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA)တပ်မဟာ (၁၉)က ငြိမ်းချမ်းရေးနှင့်လက်နက်များအပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် ဒေသခံရှမ်းတိုင်းရင်းသူ မနန်းစံဟွမ်က ဦးဂုဏ်ခေးနှင့်အဖွဲ့အား ဒေသခံတိုင်းရင်းသား ပြည်သူများကိုယ်စား ပြောကြားသည့် ကြိုဆိုဂုဏ်ပြုစကားနှင့် ဝမ်းမြောက်ကျေးဇူးတင်စကားမှာ အောက်ပါအတိုင်း ဖြစ်သည်–**

**ကျေးဇူးတင်စကားပြောကြား**

ဒေသခံ ရှမ်းတိုင်းရင်းသူ မနန်း စံဟွမ်က ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

## ပျော်ရွှင်ကြည်နူး

ကျွန်မကတော့ နမ့်ပေါင်ကျေးရွာမှာ မွေးဖွားကြီးပြင်းလာခဲ့ပြီး ကျွန်မရဲ့ ဘဝတစ်သက်တာမှာ ဒီကနေ့ဟာ အပျော်ဆုံးနေ့တစ်နေ့ ဖြစ်ပါတယ်။ ကျွန်မလိုပဲ မိဘဆွေမျိုးတွေ၊ ညီအစ်ကို မောင်နှမတွေ၊ သူငယ်ချင်းအပေါင်းအသင်းတွေအပါအဝင် တိုင်းရင်းသား ပြည်သူအားလုံးဟာ ပျော်ရွှင်ကြည်နူးနေကြပါတယ်။

ကုန်လွန်ခဲ့တဲ့ ကာလတွေတုန်းကတော့ နမ့်ပေါင်ဒေသမှ တိုင်းရင်းသူအမျိုးသမီးတွေရဲ့ ဘဝမှာ ပျော်ရွှင်ကြည်နူးမှုဆိုတာ ချိုနဲ့လားလို့မေးယူရလောက်အောင် ဆိတ်သုဉ်းခဲ့ရပါတယ်ရှင်။

မငြိမ်းချမ်းတဲ့ ကျွန်မတို့မိဘတွေ ခေတ်တုန်းကဆိုရင် သေစာရှင်စာကိုတောင် အနိုင်နိုင်သင်ခဲ့ကြရပါတယ်။ အစ်ကိုအစ်မတွေခေတ်ကတော့ မူလတန်း၊ အလယ်တန်းလောက်သာ ကျောင်းနေခဲ့ကြရပါတယ်။

**တပ်မတော်အစိုးရလက်ထက်နဲ့ကြုံတွေ့ရတဲ့ ကျွန်မတို့ကတော့ နမ့်ပေါင် အထက်တန်းကျောင်းကြီးဆောက်ပေးလို့ ၁၀တန်းအောင်ခဲ့ရပါတယ်။ ၁၀တန်းအောင်ပြီး လားရှိုးဒီဂရီကောလိပ်ကြီးရှိလာတဲ့အတွက် တက္ကသိုလ်ပညာရပ်တွေကို ကံကောင်းထောက်မစွာ ဆက်လက်သင်ကြားခွင့် ရရှိခဲ့ပါတယ်။ အခုဆိုရင် လားရှိုးမြို့မှာ ဒီဂရီကောလိပ်၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်နဲ့ သူနာပြုသင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိတဲ့ အတွက် ကျွန်မတို့ နမ့်ပေါင်ဒေသမှာ ပညာတတ်တွေ၊ ဘွဲ့ရတွေ များပြားလာခဲ့ပါပြီ။**

## ပညာတတ်တွေများပြားလာ

တပ်မတော်အစိုးရလက်ထက်နဲ့ကြုံတွေ့ရတဲ့ ကျွန်မတို့ကတော့ နမ့်ပေါင် အထက်တန်းကျောင်းကြီး ဆောက်ပေးလို့ ၁၀တန်း အောင်ခဲ့ရပါတယ်။ ၁၀တန်းအောင်ပြီး လားရှိုးဒီဂရီကောလိပ်ကြီးရှိလာတဲ့အတွက် တက္ကသိုလ်ပညာရပ်တွေကို ကံကောင်းထောက်မစွာ ဆက်လက်သင်ကြားခွင့် ရရှိခဲ့ပါတယ်။ အခုဆိုရင် လားရှိုးမြို့မှာ ဒီဂရီကောလိပ်၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်နဲ့ သူနာပြုသင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိတဲ့အတွက် ကျွန်မတို့ နမ့်ပေါင်ဒေသမှာ ပညာတတ်တွေ၊ ဘွဲ့ရတွေ များပြားလာခဲ့ပါပြီရှင်။

လယ်လုပ်တော့ ထွက်လာတဲ့စပါးကို အခွန်ပေးရပါတယ်။ ကျွဲတွေ၊ နွားတွေရှိပြန်တော့လဲ အခွန်ဆောင်ရပါတယ်။ အလုပ်ပိုလုပ်လို့ ငွေပိုငွေလျှံလေးနဲ့ သွပ်မိုးအိမ်ဆောက်ပြီး ထော်လာဂျီဝယ်နိုင်ပြန်ရင်လဲ တောတွင်းလက်နက်ကိုင်အဖွဲ့ရဲ့ အခွန်က နောက်ကနေထက်ကြပ်မကွာ လိုက်လာပြန်ပါတယ်။ ကြာတော့လဲ လုပ်ကိုင် စားသောက်ချင်စိတ်၊ ကြီးပွားတိုးတက်ချင်စိတ်တွေ ကုန်ခန်းလာပါတယ်။

ဒါတင်မကသေးပါဘူးရှင်၊ ကျွန်မတို့ရဲ့ ရင်နှစ်သည်းချာ သားငယ်တွေကို ဥပဒေမဲ့ လက်နက်ကိုင်ဖို့ လူသစ်စုမယ့် အန္တရာယ်ကိုလဲ စိုးရိမ်နေရပါသေးတယ်။ ငွေကြေးတတ်နိုင်တဲ့သူတွေက သူတို့သားတွေကို မြို့ပေါ်မှာ ကျောင်းသွားထားနိုင်ကြပေမယ့် မတတ်နိုင်တဲ့သူတွေကတော့ ရွာဦးကျောင်းက ဆရာတော်ဆီမှာ အားကိုးတကြီးနဲ့ ကိုရင်ဝတ်ပေးထားကြရပါတယ်။ ကိုရင်တွေ များပြီး အချိန်ကြာလာတဲ့အခါ ဆရာတော်ကျောင်းမှာ ဆွမ်း၊ကွမ်းမလုံလောက်တော့တဲ့အတွက် ဆရာတော်တွေက ဒေသအကြီးအကဲ တိုင်းမှူးကြီးအထိ ဒကာဒကာမတွေကိုယ်စား စာရေးမေတ္တာရပ်ခံခဲ့ကြရပါတယ်။

## ကြိတ်မှိတ်ခံစား

ဒါပေမယ့် မလွတ်ပါဘူးရှင်၊ လူသစ်မပေးနိုင်ရင် ငွေကြေးပေးရပါတယ်။ ပေးစရာငွေမရှိ၊ ပြေးစရာမြေမရှိတဲ့ ကျွန်မတို့တစ်တွေဟာ တွေ့ကြုံခံစားနေရတဲ့

**စာမျက်နှာ ၁၂ ကော်လံ ၅ သို့**

# တိုင်းရင်းသားသွေးချင်း ညီအစ်ကိုတွေအားလုံး အမိပြည်ထောင်စုမြန်မာ မိမိတို့အားလုံး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်မာသည် ကိုလိုနီလက်သစ်ပြည်ပဆရာကြီးများက မိအရင်းဖအရင်း နိုင်ငံတော်အစို

**လက်နက်အပ်နှံ**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ (၁၉)မှ တပ်ရင်းမှူးအဆင့်ရှိ ဦးစိုင်းဆောင်က လက်နက်အပ်နှံစဉ်။** (သတင်းစဉ်)

● ရှေ့ဖုံးမှ

ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊လူမှုရေး အသင်းအဖွဲ့များဖြစ်ကြသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီအသင်းနှင့် မီးသတ်တပ်ဖွဲ့တို့မှအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများအင်အား ၅၂၀၀ ကျော် တက်ရောက်ကြသည်။

ထို့အတူ ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်ကြသည့် ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂုဏ်ခေး၊ ဒုတိယတပ်မဟာမှူး ဦးခမ်းလျှန်၊ တပ်ရင်းမှူးအဆင့်ရှိ ဦးစိုင်းဆောင်၊ ဦးစိုင်းထွန်း၊ ဦးစိုင်းတော၊ ဦးစိုင်းချန်တို့ အပါအဝင် တပ်ဖွဲ့ဝင်စုစုပေါင်း ၃၂၅ ဦးတို့လည်း တက်ရောက်ကြသည်။

အလားတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် အထူးဒေသ(၃) SSAအဖွဲ့မှ ဦးလွယ်မောင်းနှင့်အဖွဲ့၊ အထူးဒေသ(၅) ကေဒီအေအဖွဲ့မှ ဦးမထုနော်နှင့်အဖွဲ့၊ မန်ဖန်ပြည်သူ့စစ်အဖွဲ့မှ ဦးစိုင်းမွန်းနှင့်အဖွဲ့၊ မုံးဟင်၊ မုံးဟပြည်သူ့စစ်အဖွဲ့မှ ဦးလောမားနှင့်အဖွဲ့၊ ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင် လဲလှယ်ပြီးဖြစ်သည့် ဦးကန်နနှင့် ဦးအိုက်မုန်းတို့လည်း တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိများအဖြစ် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် နမ့်ပေါင်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များဖြစ်ကြသော ရှမ်းတိုင်းရင်းသူ မနန်းစံတွမ်ခမ်းနှင့် မနန်းစံနွမ်းငယ်တို့က ဆောင်ရွက်ကြသည်။

**ကြေညာ**

ရှေးဦးစွာ အခမ်းအနားမှူး မနန်းစံတွမ်ခမ်းက ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA)တပ်မဟာ (၁၉)မှ ငြိမ်းချမ်းရေးနှင့် လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနား စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ သဘာပတိ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားသည် မိမိတို့လားရှိုးမြို့နယ် နမ့်ပေါင်ဒေသရှိ တိုင်းရင်းသားညီအစ်ကိုများအတွက် သာမကဘဲ ရှမ်းပြည်နယ်(မြောက်ပိုင်း) တစ်ခွင်လုံးအတွက် လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး တစ်ခုလုံးအတွက် လည်းကောင်း အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံလိုအပ်ချက်ဖြစ်သည့် နယ်မြေ တည်ငြိမ်အေးချမ်းရေးကို ဤဒေသတွင် ထာဝရဖော်ဆောင်နိုင်တော့မှာဖြစ်သည့်အတွက် အလွန်ဝမ်းမြောက် ကြည်နူးဂုဏ်ယူဖွယ်ရာကောင်းသည့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် အခမ်းအနားတစ်ရပ်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးထံ ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)မှ တပ်ရင်းမှူးအဆင့်ရှိ ဦးစိုင်းတောက လက်နက်အပ်နှံစဉ်။** (သတင်းစဉ်)

**ဂုဏ်ပြုကြိုဆို**

ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၏သား ပြည်ပြေးစဝ်ခမ်ဖ ဦးစီးသည့်အဖွဲ့က ၂၀၀၅ ခုနှစ် ဧပြီလ ၁၇ရက်နေ့တွင် ပြည်ပတစ်နေရာမှနေ၍ ရှမ်းပြည်နယ် ယာယီအစိုးရဆိုသည့်အဖွဲ့ကို ဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သည့် နိုင်ငံအဖြစ် တည်ထောင်ကြောင်း သတင်းထုတ်



# ...မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ အစွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲစေရန် ...ကသည်ထက် ပိုမိုခိုင်မာအောင် တည်ဆောက်ကြရန် အလွန်အရေးကြီး ...တ်အစိုးရထက် ပြည်သူများအကျိုးလိုလားသယောင်ယောင် သွေးခွဲစည်းရုံးနေ

လွှင့်ကြေညာခဲ့ကြောင်း၊ ဤသို့ ပြည်ပြေးစဝ်ခမ်းဖအဖွဲ့၏ အခြေအမြစ်မရှိသည့် ပြည်ပအားကိုး ကြေညာချက်ထုတ်ပြန်ပြီးချိန်နှင့် တိုက်တိုက်ဆိုင်ဆိုင် ယခုကဲ့သို့ အချိန်ကာလမျိုးတွင် ရှမ်းပြည်နယ်ခွဲထွက်ခြင်းကို ဆန့်ကျင်ကြောင်း၊ တိုင်းရင်းသားညီအစ်ကိုအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရှိနေကြကြောင်း၊ မည်သူတွေ မည်သို့ပင် သွေးခွဲခွဲ၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ခိုင်မာသည်ထက် ပိုမိုခိုင်မာအောင် တည်ဆောက်နေကြလျက်ရှိကြောင်းကို ထင်ထင်ရှားရှား သက်သေပြမှု တစ်ရပ်အနေဖြင့် ယခုကဲ့သို့ SSNA တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂုဏ်ခေ ဦးဆောင်သည့် တိုင်းရင်းသားညီအစ်ကိုတွေက လက်နက်နှင့် ငြိမ်းချမ်းရေးအပြီးအပိုင် လဲလှယ်အပ်နှံကြပြီး **“အရေးကြီးလျှင် သွေးနီးကြသည့်”** မိမိတို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အင်အားကို ထင်ထင်ရှားရှား ပြသလိုက်နိုင်ခြင်းအပေါ် အထူးပင် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုပါကြောင်း အလေးအနက် ပြောကြားလိုပါကြောင်း။

ယခုကဲ့သို့ အလွန်ဝမ်းမြောက်ကြည်နူးဖွယ်ရာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်အခမ်းအနားတွင် တက်ရောက်လာကြသည့် တိုင်းရင်းသားသွေးချင်း ညီအစ်ကိုများကို မိမိတို့တစ်တွေအားလုံး အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ အစွန့်ရှည်ကြာစွာတည်တံ့ခိုင်မြဲစေရန်၊ မိမိတို့အားလုံး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခိုင်မာသည်ထက် ပိုမိုခိုင်မာအောင် တည်ဆောက်ကြရန် အလွန်အရေးကြီးလိုအပ်နေသည့်အချိန်ကာလဖြစ်သည်ဟု ပြောကြားလိုကြောင်း၊ ကိုလိုနီလက်သစ် ပြည်ပဆရာကြီးများက မိအရင်းဖအရင်းဖြစ်သည့် နိုင်ငံတော်အစိုးရထက် နိုင်ငံသားတိုင်းရင်းသား ပြည်သူများ၏ အကျိုးကို လိုလားသယောင်ယောင်သွေးခွဲစည်းရုံးနေကြသည်ကို နားမယောင်မိကြရန် အလေးအနက် တိုက်တွန်းပြောကြားလိုကြောင်း။

ဦးဂုဏ်ခေနှင့်အတူတကွ စိတ်တူကိုယ်တူညီညွတ်စွာဖြင့် လက်နက်များအပြီးအပိုင်စွန့်လွှတ်အပ်နှံလာကြသော ဒုတိယတပ်မဟာမှူး ဦးခမ်းလျှန်၊ တပ်ရင်းမှူး ဦးစိုင်းဆောင်၊ တပ်ရင်းမှူး ဦးစိုင်းထွန်း၊ တပ်ရင်းမှူး ဦးစိုင်းတော၊ တပ်ရင်းမှူး ဦးစိုင်းချန်တို့ အပါအဝင် SSNA တပ်မဟာ (၁၉)မှ ညီအစ်ကိုအားလုံးကိုလည်းပဲ လမ်းစပျောက်ပြီး လမ်းမှားကို ရောက်တော့မည့်ဆဲဆဲ တပ်ဖွဲ့ဝင်များအပေါ် လမ်းကြောင်းမှန် တစ်ခုတည်းအပေါ် တစုတစည်း၊ တစည်းတလုံးတည်း ရောက်ရှိလာအောင် ညီညီညွတ်ညွတ် စည်းရုံးလုပ်ဆောင်ပေးနိုင်ခဲ့ကြသည့်အတွက် အထူးပင်ဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း ဂုဏ်ပြုပြောကြားလိုပါကြောင်း။

*စာမျက်နှာ ၁၂ ကော်လံ ၁သို့*



**၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးဂုဏ်ခေ ခေါင်းဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့် လက်နက်အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉)ကအပ်နှံသော လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။** (သတင်းစဉ်)

## ရင်းရင်းနှီးနှီးနှုတ်ဆက်

**၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးဂုဏ်ခေ ခေါင်းဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

**၁၉၉၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးဂုဏ်ခေ ခေါင်းဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့် လက်နက် အပြီးအပိုင်စွန့်လွှတ်အပ်နှံလဲလှယ်သည့် အခမ်းအနားကို လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာတွင် ကျင်းပစဉ်။** (သတင်းစဉ်)

# ကဆုန်ညောင်ရေ

**"ကဆုန်လ"**ကို ရေသွန်းလ၊ ရေလောင်းလဟု အဓိပ္ပာယ် ကောက်ယူကြပါသည်။ ပုဂံခေတ်ထိုးကျောက်စာတို့တွင် ကုဆုန်ဟု အရေးများသည်။ ကုဆုန်၊ ကဆုန်ဟူသောလ၏အခေါ်မှာ အလွန်ရှေးကျသည်ကိုထောက်သော် မြန်မာနိုင်ငံသို့ သာသနာရောက်သည့်အခါမှစ၍ ညောင်ရေသွန်းပွဲတော် ကျင်းပခြင်းအလေ့လည်း တစ်ပြိုင်တည်းဖြစ်ပေါ်လာသည်ဟု ယူဆနိုင်ပါသည်။ တန်ခူး၊ ကဆုန်စသော တစ်ဆယ့်နှစ်လတို့တွင် ကဆုန်၊ ဝါဆို၊ ဝါခေါင်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်ဟူ၍ ခြောက်မျိုးသော အခေါ်တို့မှာ သာသနာရေး၊ ကိုးကွယ်ယုံကြည်ရေးတို့နှင့် သက်ဆိုင်လေသည်။ ဤကဆုန်လရာသီတွင် နေအရှိန် အပြင်းထန်ဆုံးဖြစ်သောကြောင့် ရေများပင် ခန်းခြောက်လေ့ရှိရကား မြတ်စွာဘုရားရှင်ပွင့်တော်မူရာ ဗောဓိပင်ကိုရည်မှတ်ကာ ဗောဓိပင် အပွားတော်များကို ရေစင်သွန်းလောင်းခြင်းများ ပြုခဲ့ကြသဖြင့် လပြည့်နေ့၌ကျင်းပသော ပွဲတော်အခါကြီးကို **"ကဆုန်ညောင်ရေသွန်းပွဲတော်"**ဟု ခေါ်စမှတ်ပြုခဲ့ကြပါသည်။

ဗောဓိပင်သည် မြတ်စွာဘုရားရှင်တို့၏အရဟတ္တမဂ်ဉာဏ်၊သဗ္ဗညုတဉာဏ်တို့၏ ဖြစ်ရာ၊ကြည်လင်ရာ အရပ်ဖြစ်၍ အလွန်ထူးမြတ်လှ၏။ ထို့အပြင် ဘုရားရှင်တို့၏ အသုံးအဆောင်ပရိဘောဂဖြစ်၍ ဘုရားရှင်၏ ကိုယ်စား ကိုယ်ပွားလည်းဖြစ်ပေသည်။ ဘုရားရှင်သက်တော်ထင်ရှားရှိစဉ်အခါက လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့သည် ဘုရားရှင်အား အချိန်မရွေး မျက်မြင်ကိုယ်တွေ့ ဖူးမြင်ကြရကုန်၏။ ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူသောအခါ၌မူ မျက်မြင်ကိုယ်တွေ့ ဖူးမြင်ခွင့်မရကြကုန်။ သို့ရာတွင် ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီတို့အား ဘုရားရှင်ကိုယ်စား ဖူးခွင့်ရကြကုန်၏။ ဗောဓိညောင်ပင်သည် ပရိဘောဂစေတီ၌ ပါဝင်သဖြင့် စေတီထိုက်သော သစ်ပင်ဖြစ်ပါသည်။

**"ဗောဓိ"**ဟူသည် ပါဠိဝေါဟာရဖြစ်၏။ ပါဠိစာပေ၌ ဗောဓိသည် အရိယာမဂ်, သဗ္ဗညုတဉာဏ်နှင့် သစ္စာလေးတန် တရားမှန်ကို သိမြင်တတ်သောကြောင့် **"ဗောဓိ"**မည်၏။ဘုရားရှင်တို့ ပွင့်တော်မူရာ သစ်ပင်ကိုကား သစ္စာလေးပါးဉေယျ(သိသင့်သိထိုက်သမျှ)တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာဖြစ်သောကြောင့် **"ဗောဓိ"**ဟု ခေါ်ပေသည်။ ထို့ကြောင့် မည်သည့်သစ်ပင်ကိုမဆို ဘုရားရှင်တို့ သစ္စာလေးပါးမြတ်တရားကိုသိမြင်တော်မူရာ သစ်ပင်ဖြစ်လျှင် **"ဗောဓိပင်"**ဟူသော အမည်ထူးကို ရပေသည်။ ကျွန်ုပ်တို့ ဂေါတမရှင်တော်ဘုရား သစ္စာလေးပါးမြတ်တရားကိုသိမြင်တော်မူရာ သစ်ပင်မှာကား ညောင်ဗုဒ္ဓဟေ (ညောင်နီ) ပင်ဖြစ်၏။ ယင်းညောင်ဗုဒ္ဓဟေပင်သည် ဂေါတမဘုရားရှင် သာသနာတော်၌ **"ဗောဓိပင်"**မည်ပေသည်။ ယင်းဗောဓိပင်သည် ဂုဏ်အားဖြင့်ကြီးမြတ်သည့် သဘောရှိသောကြောင့် **"မဟာဗောဓိ"**ဟု အထူးပြုခေါ်ဝေါ်ခဲ့ခြင်း ဖြစ်ပေသည်။

မဟာဗောဓိ (ညောင်ဗုဒ္ဓဟေ)ပင်ကား**"ကာဠု၊ ယသော်၊ ညီတော်၊ ဆန္န၊ ကဏ္ဍက၊ သောတ္ထိ၊ ဗုဒ္ဓဟေ"** ဆိုသည့်အတိုင်း ဘုရားရှင်၏ ဖွားဖက်တော် ခုနစ်ပါးတွင် တစ်ပါးအပါအဝင်ဖြစ်၏။ ဂေါတမဘုရားရှင် ဗောဓိဉာဏ်ကို ရရန် အားထုတ်တော်မူရာ၌ အမှီပြုတော်မူသော (ဝါ) အသုံးပြုတော်မူသော သစ်ပင်ဖြစ်၏။ ထို့ကြောင့် ယင်းမဟာဗောဓိ (ညောင်ဗုဒ္ဓဟေ)ပင်သည် စေတီလေးမျိုးအနက် ပရိဘောဂစေတီတွင် ပါဝင်၍ ပူဇော်ထိုက်သည့် သစ်ပင်မြတ်ဖြစ်သောကြောင့် ဘုရားရှင်သက်တော်ထင်ရှား ရှိစဉ်ကပင် ထိုမဟာဗောဓိညောင်ပင်ကို ပင်ပွားစိုက်၍ ဘုရားရှင်ကိုယ်စား ပူဇော်ကိုးကွယ်ခဲ့ကြကြောင်း တေရသကနိပါတ်၊ **"ကလိင်္ဂ ဗောဓိဇာတ်"**၌ ပြဆိုထားပေသည်။ ထို့ကြောင့် **ဗုဒ္ဓဘာသာဝင်မြန်မာတို့ ကဆုန်လ၌ ညောင်ပင်ကို ရေသွန်းလောင်းကြခြင်းသည် တွေ့ရာမြင်ရာ ညောင်ပင်တိုင်းကို ရေသွန်းလောင်းသည်မဟုတ်ဘဲ၊ မြတ်စွာဘုရားရှင်၏ သဗ္ဗညုတဉာဏ်ဖြစ်ရာ၊ ကြည်လင်ရာ ပရိဘောဂ စေတီတော်ဖြစ်သော မဟာဗောဓိပင်မြတ်အား သက်တော်ထင်ရှား မြတ်စွာဘုရား၏ မာရ်ငါးပါးကို အောင်မြင်တော်မူမှု၊ အာရုံပြု ရည်မှန်း၍ ညောင်ရေတော်သွန်းဖျန်းလှူဒါန်းပူဇော်ခြင်းအမှု ပြုလုပ်ကြခြင်းသာ ဖြစ်ပေသည်။**

## ဦးကျော်စိန်(မန္တလေး)

ပွဲတော်တစ်ခုအနေဖြင့် ဗုဒ္ဓဘာသာဝင်မြန်မာတို့ ညောင်ရေတော်သွန်းလောင်းသည့်နေ့ကား ကဆုန်လပြည့်နေ့ဖြစ်၏။ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ကြီး ဖြစ်ပေသည်။ ကဆုန်လပြည့်နေ့၏ ထူးခြားချက်များကား–

(၁) ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့သည် လွန်ခဲ့သောလေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်က၊ ဤဘဒ္ဒကမ္ဘာ၌ လေးဆူမြောက်ဖြစ်သော**"ဂေါတမ"**အမည်ဖြင့် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ဟု ဒီပင်္ကရာမြတ်စွာဘုရားထံမှာ**"နိယတဗျာဒိတ်"**ကို ခံယူရရှိသောနေ့ ဖြစ်သည်။

(၂) မဟာသက္ကရာဇ် ၆၈ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူသည်။

(၃) မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် နေမဝင်မီ ဒေဝပုတ္တမာရ်ကို အောင်မြင်တော်မူ၍ ညဉ့်ဦးယံ၌ **"ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်တော်"**ကိုလည်းကောင်း၊မဇ္ဈိမယံ၌ **"ဒိဗ္ဗစက္ခု ဉာဏ်တော်"**ကိုလည်းကောင်း၊ ပစ္ဆိမယံ၌ **"အာသဝက္ခယဉာဏ်တော်"**ကိုလည်းကောင်း ရရှိတော်မူပြီး လောကသုံးပါး၌ **"အတုမရှိသောဘုရား"**အဖြစ်သို့ ရောက်တော်မူပါသည်။

(၄) မြတ်စွာဘုရားရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ၄၅နှစ်တာ ကာလပတ်လုံး ဝေနေယျသတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူကာ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ **"ပရိနိဗ္ဗာန်"** စံဝင်တော်မူပါသည်။

ဤသည်တို့ကား ကဆုန်လပြည့်နေ့၏ ထူးခြားချက်များဖြစ်ပေသည်။

ကဆုန်လပြည့်နေ့ကို ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့က **"ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့"**ဟု သတ်မှတ်ကြကာ ကုသိုလ်တရားတို့ကို စွမ်းအားရှိသမျှ ပွားများအားထုတ်ကြသည်။ ဘုရားဖြစ်တော်မူသည့်နေ့ အထိမ်းအမှတ်ဖြင့် ကဆုန်လပြည့်နေ့ ကြုံတိုင်းကြုံတိုင်း ဗုဒ္ဓရုပ်ပွားတော်များနှင့် ဥဒ္ဒိဿစေတီတော်များကို ဗုဒ္ဓါဘိသေက မင်္ဂလာသဘင် ဆင်ယင်ကျင်းပ(အနေကဇာတင်)ကြ၍ ပုညကိရိယ မင်္ဂလာကုသိုလ်အထူးတို့ကို ဆည်းပူး အားထုတ်ကြပါသည်။ ထို့ပြင် ကြည်းနူးကော်ရော် အထူးပူဇော်လှူဒါန်းခြင်း မင်္ဂလာတစ်ရပ် အနေဖြင့် မဟာဗောဓိပင်မြတ်တို့အား ညောင်ရေတော်သွန်းဖျန်း၍ လှူဒါန်းပူဇော်သည့်ပွဲတော်များကိုလည်း မြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ မြို့ရွာဒေသအသီးသီး၌ မိမိတို့စေတနာသဒ္ဓါတရားအလိုက် နှစ်ခြိုက်ရွှင်လန်းတခမ်းတနား စည်ကားသိုက်မြိုက်စွာ ဆင်နွဲကျင်းပကြပါသည်။

ဗုဒ္ဓ၏ဓမ္မ၌ ကမ္ဘာလောကကြီး တိုးတက်စည်ပင် ထွန်းကားလာခြင်းသည် လူသားတို့ ကိုယ်ကျင့်တရားကောင်းမွန်ခြင်းနှင့် ကြိုးစားအားထုတ်ခြင်းကြောင့် ဖြစ်သည်။ ကမ္ဘာလောကကြီး ဆုတ်ယုတ်ပျက်စီးခြင်းသည်လည်း လူသားတို့၏ သန္တာန်၌ လောဘ၊ဒေါသ၊ မောဟ တရားဆိုးတို့ လွှမ်းမိုးကာ ကိုယ်ကျင့်တရား ပျက်ပြားခြင်းကြောင့် ဖြစ်သည်။ ဤကမ္ဘာလောကကြီးရှိ သတ္တဝါတို့၏သန္တာန်၌ လောဘတရားဆိုး လွှမ်းမိုးလာသည်ရှိသော် **"ဒုဗ္ဘိက္ခန္တ ရကပ်"**(အစာရေစာငတ်မွတ်ခေါင်းပါးသည့်ဘေး) ဆိုက်ရောက်လာ၏။ သတ္တဝါတို့၏သန္တာန်၌ ဒေါသတရားဆိုး လွှမ်းမိုးလာသည်ရှိသော် **"သတ္ထန္တ ရကပ်"**(လက်နက်ဖြင့်တိုက်ခိုက်ခြင်းဘေး) ဆိုက်ရောက်လာ၏။ သတ္တဝါတို့၏သန္တာန်၌ မောဟတရားဆိုး လွှမ်းမိုးလာသည်ရှိသော် **"ရောဂန္တ ရကပ်"** (အနာရောဂါ ထူပြောလာသည့်ဘေး)ဆိုက်ရောက်လာ၏။ ထိုလောဘ, ဒေါသ, မောဟတရားဆိုးတို့ အေးငြိမ်းရာအေးငြိမ်းကြောင်း တရားကောင်းသည် ဗုဒ္ဓဓမ္မ၌သာ ရှိ၏။

**ဗုဒ္ဓဘာသာဝင်မြန်မာတို့ ကဆုန်လ၌ ညောင်ပင်ကိုရေသွန်းလောင်းကြခြင်းသည် တွေ့ရာမြင်ရာ ညောင်ပင်တိုင်းကို ရေသွန်းလောင်းသည်မဟုတ်ဘဲ မြတ်စွာဘုရားရှင်၏ သဗ္ဗညုတဉာဏ်ဖြစ်ရာ၊ ကြည်လင်ရာ ပရိဘောဂ စေတီတော်ဖြစ်သော မဟာဗောဓိပင်မြတ်အား သက်တော်ထင်ရှား မြတ်စွာဘုရား၏ မာရ်ငါးပါးကို အောင်မြင်တော်မူမှု၊ အာရုံပြု ရည်မှန်း၍ ညောင်ရေတော်သွန်းဖျန်းလှူဒါန်းပူဇော်ခြင်းအမှု ပြုလုပ်ကြခြင်းသာ ဖြစ်ပေသည်။**

နိဂုံးချုပ်အားဖြင့် ဤကဆုန်လသည်ကား မြတ်စွာဘုရားရှင်နှင့်စပ်၍ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အဖို့ နေ့ထူးနေ့မြတ်၊ လထူးလမြတ်ကြီး ဖြစ်ပေသည်။ ဤအချိန်အခါ၌ ဘုရားရှင်၏ဂုဏ်တော်တို့ကို အာရုံပြု၍ လောဘ၊ ဒေါသ၊ မောဟငြိမ်းကြောင်း တရားကောင်းကို ပွားများအားထုတ်နိုင်ကြပါစေကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ရပါသည်။ ။

# မုဒုံမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းဖွင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၂၀

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန မုဒုံမြို့အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းဖွင့်ပွဲနှင့်အခြေခံစက်ချုပ်သင်တန်းအမှတ်စဉ်(၁)ဖွင့်ပွဲအခမ်းအနားကို မေ ၁၆ရက်နံနက်ပိုင်းက မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ကောင်စီဝင်များ၊ မော်လမြိုင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းက သင်တန်းကျောင်း ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်မြို့ စူပင်ကုမ္ပဏီလီမိတက်မှ ဦးမောင်မောင်တင်၊ ဒေါ်ဆွေဆွေဝင်းတို့က မုဒုံမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းသို့ ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ သင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနွယ်က လက်ခံရယူသည်။

ယင်းနောက် အခမ်းအနားကို မုဒုံမြို့ ရွှေဟသာ်ခန်းမဆောင်ဝင်းအတွင်း၌ ဆက်လက်ကျင်းပရာ အစီအစဉ်အရ ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းနှင့် မော်လမြိုင်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်တို့က သင်တန်းကျောင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သင်တန်းခန်းမအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## ဖြည့်ဆည်းဆောင်ရွက်ပေး

နံနက် ၁၁နာရီခွဲတွင် တိုင်းမှူးသည် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူး လိုက်ပါ၍ ပိုင်ကျုံမြို့သို့ ရောက်ရှိပြီး အရှည်ပေ ၆၀၀နှင့် အကျယ် ၁၂ပေရှိ ပိုင်ကျုံ ချောင်းကူးဘေလီတံတား တည်ဆောက်နေမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ ခရိုင်အင်ဂျင်နီယာမှူး ဦးတင်အောင်က တံတားတည်ဆောက် နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် ပိုင်ကျုံအခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် ပိုင်ကျုံပြည်သူ့ဆေးရုံ ဆောက်လုပ်မည့် မြေနေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန

**ကျောင်းအပ်နှံရေးသီတင်းပတ်**

**မေလ၏နောက်ဆုံးသီတင်းပတ်**

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

(၅၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ကဆုန်လပြည့် (ဗုဒ္ဓနေ့) တရားတော်အသံလွှင့်ဟောကြားမည်

**ရန်ကုန် မေ ၂၀**

၁၃၆၇ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) မေ ၂၂ ရက် နံနက် ၇နာရီတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ချမ်းသာကြီးတောင်တိုက် ရတနာဗိမာန်စာချကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဇောတိကာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ)အမှူးပြုသော ဆရာတော်ငါးပါးတို့က **"ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကိုယ်တွေ့ဉာဏ်မြင် နိဗ္ဗာန်ဝင်တရားတော်"**နှင့် **"ဗုဒ္ဓါဘိသေက အနေကဇာတင် ပါဠိတော်များ"**ကို အသံလွှင့်ဟောကြားတော်မူကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

# (၅၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၂၀

**(၅၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

## အမှာစကားပြောကြား

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အစည်းအဝေးကို ဖွင့်လှစ်ပြီး တိပိဋကဓရ ချီးကျူးပူဇော်ပွဲ ကျင်းပရေးအဖွဲ့ နာယက သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အဖွင့်အမှာစကားပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် တိပိဋကဓရ ချီးကျူး ပူဇော်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## ပြီးစီးမှုတင်ပြ

ဆက်လက်၍ အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုးနှင့် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်တို့က တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကဏ္ဍအလိုက် တင်ပြကြသည်။

ယင်းနောက် ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများက ချီးကျူးပူဇော်ပွဲနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အလှည့်ကျသဘာပတိအဖွဲ့ဝင်များနှင့် ညှိနှိုင်း

**ရန်ကုန် မေ ၂၀**

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီနှင့် အမျိုးသားညီလာခံစုံညီ အစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း(မှန်ဆောင်)ရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွှန့်၊ လုပ်ငန်းကော်မတီဝင်များနှင့် စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက သဘာပတိအဖြစ် ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်က ဆောင်ရွက်သည်။

## ဖြည့်စွက်ဆွေးနွေး

ရှေးဦးစွာ သဘာပတိ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုး**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွှန့်တို့က လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြသည်။ ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

**အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိအမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။** (သတင်းစဉ်)

# အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၂၀

**အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

## တက်ရောက်

ယင်းညှိနှိုင်း အစည်းအဝေးတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်ဖြစ်သော ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များ ဖြစ်ကြသော ဦးမျိုးသန့်(မောင်ဆုရှင်)၊ ဦးစောဖီးလစ်(ခ)ဦးဖီးလစ်ဆမ်၊ ဦးလော်ဆင်ကွမ်း၊ ဦးကျော်ဒင်(ခ)ဦးထေးရယ်၊ ဦးကြည်တင့်၊ ဦးဘိုသိန်းနှင့်ဒေါက်တာသိန်းညွှန့် [ညွှန့်ဝေ-(ကသာ)] တို့တက်ရောက်ကြ၍ လုပ်ငန်းကော်မတီမှ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာဦးသောင်းမြင့်၊ အဖွဲ့ဝင် ဦးဘဟန်နှင့် ဦးဆန်းထွန်း၊ လုပ်ငန်းကော်မတီရုံးမှ ညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် အထောက်အကူပြုဒုတိယညွှန်ကြားရေးမှူးများတက်ရောက်ကြသည်။

## ဆက်လက်ဆွေးနွေး

ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ မတ် ၃၁ ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့တို့က တင်သွင်းခဲ့သော စာတမ်းများအပေါ် အမျိုးသားညီလာခံစုံညီ အစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့၏ လေ့လာတွေ့ရှိချက်ကို အမျိုးသားညီလာခံ ပြန်လည်ကျင်းပသည့်အခါ တင်ပြနိုင်ရေးအတွက်စာတမ်းများ ရေးသားပြုစုခြင်းကို ဆက်လက် ဆွေးနွေးဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၇ ခုနှစ် ကဆုန်လဆန်း ၁၄ ရက် (အဖိတ်နေ့)**

**၂၁-၅-၂၀၀၅**

**(စနေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သတ္တသတ္တာဟစံနေတော်မူခန်း (ဣန္ဒာဆွေ ရေးသားပူဇော်၍ ဖြူသီ သီဆိုပူဇော်သည်)
- ၈:၀၀ ၅။ သံသာချို့အေးမင်္ဂလာတေး
- ၈:၁၅ ၆။ ဆွာချောင်းရေလျောင်တမံ
- ၈:၃၀ ၇။ International News
- ၈:၄၅ ၈။ Happy and Educational English Summer Course MRTV

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၅၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"စောရဝိဇ္ဇာနှင့်မိစ္ဆာခွင်းဓား"** (အပိုင်း-၄)
- ၁၃:၃၅ ၇။ ဆင်ဖြူရှင်တံတား
- ၁၃:၄၅ ၈။ **"ကံ ကံ၏အကျိုး"** ကျော်သူ၊ ရီဝေယံ၊ မေသဥ္ဇာဦး၊ မြတ်ကေသီအောင် (ဒါရိုက်တာ-မောင်နှင်းမိုး)
- ၁၄:၂၀ ၉။ အဆိုပြိုင်ပွဲ
- ၁၄:၂၅ ၁၀။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၁၄:၃၅ ၁၁။ ဘော်ဘင်ရေလှောင်တမံ
- ၁၄:၄၅ ၁၂။ International News

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သချာအထူးပြု) (သချာ)
- ၁၇:၁၅ ၆။ တေးသရုပ်ဖော်အစီအစဉ်
- ၁၇:၂၅ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၁၇:၄၀ ၈။ ကဆုန်လပြည့်နေ့တေးများ
- ၁၇:၅၅ ၉။ ဆိုင်းအဖွဲ့ဖျော်ဖြေခန်း
- ၁၈:၁၅ ၁၀။ တေးဂီတအစီအစဉ်
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ Discovery
- ၁၉:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ"** (အပိုင်း-၂၃)
- ၁၉:၄၅ ၁၅။ ရှုဖွယ်စုံညီမြန်မာပြည်
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"**(အပိုင်း-၄၂)

**၁၉၈၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးဂျာခေးခေါင်းဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်စွန့်လွှတ်အပ်နှံ လဲလှယ်သည့်အခမ်းအနားတွင် သဘာပတိ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

***စာမျက်နှာ ၉ မှ***

ကျန်ရှိနေသေးသည့် အကြောင်းအမျိုးမျိုးနှင့် သံသယစိတ်များ၊ အစွန်းရောက်လူမျိုးရေးစိတ်များဖြင့် လက်နက်စွဲကိုင်ထားကြသေးသည့် ညီအစ်ကိုများကိုလည်းပဲ မိမိတို့တပ်ဖွဲ့ဝင်များအချင်းချင်းသော်လည်းကောင်း၊ ဒေသနေမိဘပြည်သူများထံတွင်သော်လည်းကောင်း သဘောထားဆန္ဒအမှန်များကို ကိုယ်တိုင်ဆန်းစစ်လေ့လာကြပြီး ထာဝရငြိမ်းချမ်းရေးလမ်းကြောင်းမှန်ပေါ်သို့ အမြန်ဆုံးတက်လှမ်းလာ

**တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က အရှေ့မြောက်တိုင်းစစ်ဌာနချုပ်က ထောက်ပံ့သည့် ဆန်အိတ်၁၅၀နှင့် စားသုံးဆီ ပိဿာ၁၀၀တို့ကို ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA)တပ်မဟာ(၁၉) တပ်မဟာမှူး ဦးဂျာခေးနှင့် ဒုတိယတပ်မဟာမှူး ဦးခမ်းလျှန်တို့အား ပေးအပ်စဉ်။**
(သတင်းစဉ်)

နိုင်ကြပါစေဟု ရင်တွင်းက စေတနာမေတ္တာအပြည့်အဝဖြင့် ပန်ကြားတိုက်တွန်းလိုက်ရပါကြောင်း။

ယခုကဲ့သို့ ထူးခြားလေးနက်စွာဖြင့် ဦးဂျာခေးတို့ တပ်မဟာ(၁၉)၏ ခိုင်မာမှန်ကန်သည့်ဆုံးဖြတ်လုပ်ဆောင်ချက်များကို တိုင်းမှူးတစ်ယောက်အနေဖြင့် လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် ညီအစ်ကိုများ၏ လုံခြုံရေးအပါအဝင် စားဝတ်နေရေးအခြေခံ လိုအပ်ချက်များကို မျက်ခြည်မပြတ် အတတ်နိုင်ဆုံး ဖြည့်ဆည်းကူညီ ဆောင်ရွက်ရန် တာဝန်ယူပေးသွားမှာဖြစ်သည့်အပြင် နိုင်ငံတော်အပိုင်းကလည်း ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခြေခံလိုအပ်ချက်များကို အထူးတလည် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကိုလည်း ကတိပြုပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

**လက်နက်များအပ်နှံ**

ထို့နောက် လက်နက်များအပြီးအပိုင် စွန့်လွှတ်အပ်နှံသည့်အစီအစဉ်ကိုကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ထံ ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂျာခေး၊ ဒုတိယတပ်မဟာမှူး ဦးခမ်းလျှန်နှင့် တပ်ရင်းမှူးအဆင့်ရှိ ဦးစိုင်းဆောင်တို့က လက်နက်များကို အပ်နှံကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးထံ ရှမ်းပြည်အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉)မှ တပ်ရင်းမှူးအဆင့်ရှိ ဦးစိုင်းထွန်း၊ ဦးစိုင်းတောနှင့် ဦးစိုင်းချန်တို့ကလက်နက်များကိုအပ်နှံကြသည်။

ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)က အပ်နှံသော လက်နက်များမှာ ၆၀ မမ စိန်ပြောင်းတစ်လက်၊ RPJ(82)ခြောက်လက်၊ RPJ(625)တစ်လက်၊ RPJ (5) သုံးလက်၊M(79) ခြောက်လက်၊ Spars°နှစ်လက်၊ M (23) ၂၂လက်၊ AK (47)တစ်လက်၊ M (61) စက်လတ်တစ်လက်၊°M(16)A1တစ်လက်၊ BA-(63)ခြောက်လက်၊M(16) ၅၁လက်၊M (14)တစ်လက်၊ M(22) ၅၈လက်၊ M(21)၁၃လက်၊ ကာဘိုင်လေးလက်၊ M (20)ပစ္စတိုလေးလက်၊ ၉မမ ပစ္စတိုသုံးလက်၊ ပွိုင့်(၃၈) နှစ်လက်၊ ခြောက်လုံးပြူး တစ်လက်၊ ငါးလုံးပြူး တစ်လက်၊ တစ်လုံးထိုး ပစ္စတိုတစ်လက်၊ အချက်ပြပစ္စတို တစ်လက်၊ လုပ်သေနတ် တစ်လက် အပါအဝင် လက်နက်မျိုးစုံ စုစုပေါင်း ၁၉၀၊ ဗုံးသီးမျိုးစုံ ၁၁၅ လုံး၊ ခဲယမ်းမျိုးစုံ ၇၆၆၃တောင့်၊ မိုင်း၁၀၂လုံး၊ ကျည်အိမ်စုစုပေါင်း၁၆၇ခု၊ ဆက်သွယ်ရေးစက်မျိုးစုံ ၂၅ လုံးတို့ဖြစ်သည်။

ဆက်လက်၍ အခမ်းအနားအစီအစဉ်အရ ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA)တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂျာခေးက ငြိမ်းချမ်းရေးနှင့် လက်နက်များအပြီးအပိုင် လဲလှယ်အပ်နှံဆောင်ရွက်ရသည့်အကြောင်းနှင့် ရည်ရွယ်ချက်၊ ၎င်းတို့ အဖွဲ့အား လှိုက်လှဲနွေးထွေးစွာကြိုဆိုလက်ခံသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများအား ကျေးဇူးတင်ကြောင်းတို့ကို မြန်မာဘာသာ၊ ရှမ်းဘာသာတို့ဖြင့် ပြောကြားသည်။

**[ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂျာခေး၏ပြောကြားချက်အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။]**

ယင်းနောက် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA)တပ်မဟာ(၁၉) ဌာနချုပ်မှ ဗိုလ်ကြီးအဆင့်ရှိမွှမ်းဖကမိမိတို့တစည်းတလုံးတည်း လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံပြီး အပြည့်အဝငြိမ်းချမ်းရေးနှင့် လက်နက်များလဲလှယ်ရခြင်းအကြောင်းရင်းနှင့် ကျေးဇူးတင်စကားကို မြန်မာဘာသာ၊ ရှမ်းဘာသာတို့ဖြင့်ပြောကြားသည်။

**[ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)ဌာနချုပ်မှ ဗိုလ်ကြီးအဆင့်ရှိမွှမ်းဖ၏ ပြောကြားချက်အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။]**

ထို့နောက် ဒေသခံရှမ်းတိုင်းရင်းသား ရပ်မိရပ်ဖ ဦးစိုင်းကြူက ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂျာခေးနှင့်အဖွဲ့အား ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား လှိုက်လှဲစွာကြိုဆိုဂုဏ်ပြုကြောင်းနှင့် နမ့်ပေါင်ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အလားအလာအတွက် ဝမ်းမြောက်ကျေးဇူးတင်စကားကို မြန်မာဘာသာ၊ ရှမ်းဘာသာတို့ဖြင့် ပြောကြားသည်။

**[ရှမ်းတိုင်းရင်းသား ရပ်မိရပ်ဖ ဦးစိုင်းကြူ၏ ဝမ်းမြောက်ကျေးဇူးတင်စကား ပြောကြားချက်အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။]**

ဆက်လက်၍ဒေသခံရှမ်းတိုင်းရင်းသားရပ်မိရပ်ဖ ဦးစိုင်းမွန်းက SSNA တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂျာခေးနှင့်အဖွဲ့အား ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ကြိုဆိုဂုဏ်ပြုကြောင်းနှင့် နမ့်ပေါင် ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အလားအလာအတွက် ဝမ်းမြောက်ကျေးဇူးတင်စကားကို မြန်မာဘာသာ၊ ရှမ်းဘာသာတို့ဖြင့် ပြောကြားသည်။

**[ရှမ်းတိုင်းရင်းသား ရပ်မိရပ်ဖ ဦးစိုင်းမွန်း၏ ဝမ်းမြောက်ကျေးဇူးတင်စကားပြောကြားချက်အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။]**

ဆက်လက်၍ဒေသခံရှမ်းတိုင်းရင်းသူ မနန်းစံဟွမ်က ဦးဂျာခေးနှင့်အဖွဲ့အား ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား လှိုက်လှဲစွာကြိုဆိုဂုဏ်ပြုကြောင်းနှင့် နမ့်ပေါင်ဒေသအတွင်း တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုအလားအလာကောင်းများအတွက် ဝမ်းမြောက်ကျေးဇူးတင်ရှိကြောင်းကို မြန်မာဘာသာ၊ ရှမ်းဘာသာတို့ဖြင့် ပြောကြားသည်။

**[ဒေသခံရှမ်းတိုင်းရင်းသူ မနန်းစံဟွမ်၏ ဝမ်းမြောက်ကျေးဇူးတင်စကားပြောကြားချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။]**

**နိုင်ငံတော်က ထောက်ပံ့**

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် နိုင်ငံတော်က ထောက်ပံ့သော အဝတ်အထည်နှင့် ဂုဏ်ပြုပစ္စည်းများကို ရှမ်းပြည် အမျိုးသားတပ်မတော်(SSNA)တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂျာခေး၊ ဒုတိယတပ်မဟာမှူး ဦးခမ်းလျှန်နှင့် တပ်ရင်းမှူးအဆင့်ရှိ ဦးစိုင်းဆောင်တို့အား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေးက ရှမ်းပြည်အမျိုးသား တပ်မတော် (SSNA) တပ်မဟာ(၁၉)မှ တပ်ရင်းမှူးအဆင့်ရှိ ဦးစိုင်းထွန်း၊ ဦးစိုင်းတောနှင့် ဦးစိုင်းချန်တို့အား ဂုဏ်ပြုပစ္စည်းများကို ပေးအပ်သည်။

**၁၉၈၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ဦးဂျာခေးခေါင်းဆောင်သော ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်စွန့်လွှတ်အပ်နှံ လဲလှယ်သည့်အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် နမ့်ပေါင်ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ရှမ်းတိုင်းရင်းသူ မနန်းစံတွမ်ခမ်းနှင့် မနန်းစံနွမ်းငယ်တို့က ဆောင်ရွက်ကြစဉ်။** (သတင်းစဉ်)

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အရှေ့မြောက်တိုင်းစစ်ဌာနချုပ်က ထောက်ပံ့သည့် ဆန်အိတ် ၁၅၀ နှင့် စားသုံးဆီ ပိဿာ ၁၀၀ တို့ကို ရှမ်းပြည် အမျိုးသားတပ်မတော်(SSNA) တပ်မဟာ(၁၉)မှ တပ်မဟာမှူး ဦးဂျာခေးနှင့် ဒုတိယတပ်မဟာမှူး ဦးခမ်းလျှန်တို့အား ပေးအပ်သည်။

ယင်းနောက် ငြိမ်းချမ်းရေးနှင့် လက်နက်များအပြီးအပိုင် လဲလှယ်သည့် အခမ်းအနားကို မွန်းလွဲ ၁၂ နာရီ ၁၅မိနစ်တွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA)တပ်မဟာ(၁၉)က ငြိမ်းချမ်းရေးနှင့်လက်နက်များ အပြီးအပိုင် စွန့်လွှတ်အပ်နှံ လဲလှယ်ခဲ့သည့် လက်နက်ခဲယမ်းများကို ကြည့်ရှုစစ်ဆေးကြသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA)တပ်မဟာ(၁၉)တပ်ဖွဲ့အတွက် နိုင်ငံတော်က ထောက်ပံ့သောအဝတ်အထည်နှင့် ဂုဏ်ပြုပစ္စည်းများ၊အရှေ့မြောက်တိုင်းစစ်ဌာနချုပ်က ထောက်ပံ့သည့်ပစ္စည်းများကိုကြည့်ရှုစစ်ဆေးကြသည်။

**နှုတ်ဆက်**

ယင်းနောက် အတွင်းရေးမှူး (၁) နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA) တပ်မဟာ(၁၉)မှ တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

***စာမျက်နှာ ၇ မှ***

ဒုက္ခတွေကို ရင်ဖွင့်ချင်၊ တိုင်တောချင်ပေမယ့် နီးရာဓား လက်နက်ကိုင်တွေကို ငယ်ကြောက်ဖြစ်နေတာကြောင့် ဒီဒုက္ခဝေဒနာတွေကို ရင်ထဲမှာပဲ ကြိတ်မှိတ်ခံစားခဲ့ကြရပါတယ်။

ဒို့ဒေသက ဒို့ရဲ့မောင်ဘွားအစ်ကိုတွေ၊ လက်နက်ကိုင်အဖွဲ့တွေကလဲ သူများလို အမှားကိုမြင် အမှန်ကိုပြင်ကြရင် သိပ်ကောင်းမှာပဲ၊ ကိုင်ထားတဲ့ ဥပဒေမဲ့လက်နက်တွေကို နိုင်ငံတော်ကိုအပ်နှံပြီး ဒို့နဲ့အတူ ဒိုးတူပေါင်ဖက် လုပ်ကိုင်စားသောက်ကြရရင် ဘယ်လောက်များပျော်စရာ ကောင်းမလဲလို့ မျှော်လင့်စိတ်ကူးယဉ်ခဲ့မိပါတယ်ရှင်။

ဒီနေ့တော့ ကျွန်မတို့အားလုံး ဆုတောင်းပြည့်ကြပါပြီ။ ကျွန်မတို့တိုင်းရင်းသူတွေ အနှစ်နှစ်အလလက စိတ်ကူးယဉ်အိပ်မက် အမှန်တကယ် အကောင်အထည်ပေါ်ခဲ့ပါပြီရှင်။

SSNA တပ်မဟာ(၁၉)က ဦးဂျာခေး၊ ဦးခမ်းလျှန်နဲ့အဖွဲ့ဝင်တွေအားလုံးဟာ လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ပြီး ကျွန်မတို့နဲ့ အတူတကွ အေးအတူပူအမျှနေထိုင်ကြဖို့ ဆုံးဖြတ်လိုက်ကြတဲ့အတွက် ကျွန်မတို့တိုင်းရင်းသူအားလုံးက ရင်ထဲအသည်းထဲကနေ လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုပါတယ်။ ပြည်သူအားလုံးရဲ့ကိုယ်စား အထူးကျေးဇူးလဲတင်ပါတယ်ရှင်။

အခုဆိုရင် လက်နက်အပ်နှံပြီးကြတဲ့ ကျွန်မတို့ရဲ့ မောင်ဘွားအစ်ကိုတွေဟာ မိသားစုရှိရာကို အသီးသီးပြန်ကြပါတော့မယ်။ သားတွေက မိခင်တွေရဲ့ ရင်ခွင်ဆီကို၊ ခင်ပွန်းသည်တွေက ဇနီးသည်တွေ၊ မိသားစုတွေရဲ့ ရင်ခွင်ကို ပြန်လည်ရောက်ရှိကြပါတော့မယ်။ အရင်က ခြောက်သွေ့တိတ်ဆိတ်နေတဲ့ မိသားစုထမင်းဝိုင်းတွေဟာ ရယ်မောသံတွေနဲ့ ပြန်လည်စိုပြည်လာပါတော့မယ်။

ကျွန်မတို့ နမ့်ပေါင်ဒေသရဲ့ ပျော်ရွှင်စွာ ဝမ်းသာကြည်နူးရတဲ့ နေ့ထူးနေ့မြတ်အခမ်းအနားကို တက်ရောက်အားပေး မျှဝေခံစားပေးကြတဲ့ အကြီးအကဲများအားလုံးကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်ရှင်။

**ဆုမွန်ကောင်းတောင်း**

ကျွန်မတို့ဒီကနေ့ ခံစားရတဲ့ ပျော်ရွှင်ဝမ်းသာမှုကို ကျွန်မတို့လို ဒုက္ခခံစားခဲ့ကြရတဲ့ တိုင်းရင်းသားညီအစ်ကို မောင်နှမတွေအားလုံး ခံစားနိုင်ကြပါစေ၊ မကြာမီအချိန်ကာလအတွင်းမှာ ကျွန်မတို့လိုပဲ ပြည့်ပြည့်ဝဝ ပြုံးပျော်နိုင်မယ့်နေ့ရက်ကို အမြန်ဆုံးရောက်ရှိကြပါစေ၊ သာယာကြည်နူးရတဲ့ မိသားစုဘဝတွေကို ပြန်လည်ပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။ ။

# ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ရန်ကုန်တိုင်းက ရောဝတီတိုင်းကို အနိုင်ရဗိုလ်စွဲ

ရန်ကုန် မေ ၂၀

**အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ရန်ကုန်တိုင်းအသင်းနှင့် ဧရာဝတီတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ရန်ကုန်တိုင်းအသင်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။**

ရန်ကုန်တိုင်းအသင်းသည် ဗိုလ်စွဲရန် ရေပန်းစားနေသော်လည်း ဧရာဝတီတိုင်းအသင်းက ဦးဆောင်ဂိုးသွင်းခဲ့သဖြင့် ချေပဂိုးနှင့် အနိုင်ဂိုးများသွင်းယူပြီး အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဧရာဝတီတိုင်းအသင်းအတွက် ဦးဆောင်ဂိုးကို မြင့်သူဇာက သွင်းယူပေးသည်။

ရန်ကုန်တိုင်း အသင်းအတွက် ချေပဂိုးကို ဇာလီဝင်းက သွင်းယူပေးပြီး ဒုတိယဂိုးကို ယမင်းသီတာလွင်က သွင်းယူနိုင်သဖြင့် ပထမပိုင်းအပြီးတွင် ရန်ကုန်တိုင်းအသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရနေသည်။ ဒုတိယပိုင်းတွင် ရန်ကုန်တိုင်းအသင်း အတွက် မူမူလွင်က တတိယဂိုး သွင်းယူသဖြင့် ပွဲအပြီးတွင် သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

## ဆုချီးမြှင့်

ဆုပေးပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ ဗိုလ်လုပွဲ၏ အကောင်းဆုံးဆုရရှိသော ရန်ကုန်တိုင်း အသင်းမှ ယမင်းသီတာလွင်အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကလည်းကောင်း၊ စတုတ္ထဆုရရှိသော စစ်ကိုင်းတိုင်းအသင်းအား ငွေကျပ်တစ်သိန်းခွဲကို မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလူမှုရေးကော်မတီဝင် ဒေါ်ခင်မေစိုးကလည်းကောင်း၊ တတိယဆုရရှိသော မွန်ပြည်နယ်အသင်းအား ငွေကျပ်သုံးသိန်းနှင့် တစ်ဦးချင်းဆုများကို မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်နာယကအဖွဲ့ဝင် အဂ္ဂမဟာသီရိသုဓမ္မသီဂီဒေါ်အေးအေးကြည်က လည်းကောင်း၊ ဒုတိယဆုရရှိသော ဧရာဝတီတိုင်းအသင်းအား ငွေကျပ်ငါးသိန်းနှင့် တစ်ဦးချင်းဆုများကို မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်နာယကအဖွဲ့ဝင် ဒေါက်တာဒေါ်စန္ဒာအောင်ကလည်းကောင်း၊ ပထမဆုရရှိသော ရန်ကုန်တိုင်းအသင်းအား တစ်ဦးချင်းဆုများကို မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် နာယက ဘောလုံးအားကစားနည်းတာဝန်ခံ ဒေါ်မေကြည်စိန်ကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

## အကောင်းဆုံးဆု

ဆက်လက်၍ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုများ ချီးမြှင့်ရာ အကောင်းဆုံး ဂိုးသမားဆုရရှိသော ဧရာဝတီတိုင်းအသင်းမှ အေးအေးသန်းအား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်သီတာဝင်းကလည်းကောင်း၊ အကောင်းဆုံးနောက်တန်းဆုရရှိသော ရန်ကုန်တိုင်းအသင်းမှ မိုးမိုးထွေးအား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဝင် ဒေါ်စိုးဝတ်ရည်ကလည်းကောင်း၊ အကောင်းဆုံးအလယ်တန်းဆုရရှိသော ဧရာဝတီတိုင်းအသင်းမှ ငုဝါဝါစိုးအား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်ဗဟိုလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်စန်းသိန်းက လည်းကောင်း၊ အကောင်းဆုံးရှေ့တန်းဆု ရရှိသော ရန်ကုန်တိုင်းအသင်းမှ သီတာကြည်အား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီကလည်းကောင်း၊ အကောင်းဆုံးဘောလုံးသမားဆုရရှိသော ရန်ကုန်တိုင်းအသင်းမှ သီတာကြည်အား မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်ခင်သက်ဌေးကလည်းကောင်း ငွေကျပ်နှစ်သောင်းစီ ပေးအပ်ချီးမြှင့်သည်။

## တံခွန်စိုက်ဒိုင်း

ထို့နောက် အသန့်ရှင်းဆုံးအသင်းဆုရရှိသော ဧရာဝတီတိုင်းအသင်းအား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌဒေါ်အေးအေးက ဆုဖလားနှင့် ငွေကျပ်တစ်သိန်းကို လည်းကောင်း၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ကပထမဆုရရှိသော ရန်ကုန်တိုင်းအသင်းအား ဆင့်ပွားဖလား၊ တံခွန်စိုက်ဒိုင်းဆုနှင့် ငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်သည်။

## ရန်ကုန်တိုင်းအသင်း

(၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲသွားသော ရန်ကုန်တိုင်းအသင်းကို ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ဘောလုံးတာဝန်ခံဒေါ်မြတ်မြတ်ဦးက အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူပြီး အုပ်ချုပ်သူအဖြစ် ဒေါ်သိန်းသိန်းဌေး(ဦးစီးအရာရှိ၊အား/ကာ)၊ နည်းပြချုပ်အဖြစ် ဦးဝင်းစိန်(မြန်မာ့လက်ရွေးစင်ဟောင်း၊ ပို့ဆောင်ရေး)၊ တွဲဖက်နည်းပြအဖြစ် ဦးခင်မောင်မြင့် (တက္ကသိုလ် လက်ရွေးစင်ဟောင်း၊ ပို့ဆောင်ရေး)၊ အကူနည်းပြအဖြစ် ဦးအောင်အောင်ဦး (ဝင်းနားကလပ်) တို့က တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

အားကစားသမားများအဖြစ် **(ဂိုး)**ဖြူဖြူသင်း၊ ငြိမ်းစုဇော်၊ **(နောက်တန်း)** မိုးမိုးထွေး၊မူမူခင်၊ စိမ်းချိုအောင်၊ ခင်ခင်ကြွယ်(၁)၊ရီရီနွယ်၊ **(အလယ်တန်း)** စုငြိမ်းအေး၊မြင့်မြင့်လှိုင်၊ ငြိမ်းငြိမ်းအိ၊ စန်းစန်းမော်၊ နှင်းဆီမြင့်၊ ကြည်ကြည်ဆန်း၊ ခင်ခင်ကြွယ်(၂)၊ **(ရှေ့တန်း)**မူမူလွင်၊ ယမင်းသီတာလွင်၊ ဇာလီဝင်းနှင့်သီတာကြည်တို့ပါဝင်ခဲ့ကြသည်။

## ပံ့ပိုးကူညီ

ရန်ကုန်တိုင်းအမျိုးသမီးဘောလုံးအသင်းအောင်မြင်မှုရရှိရေးအတွက် ရန်ကုန်တိုင်းအမျိုးသမီးအားကစားအဖွဲ့နာယက ဒေါ်ခင်မျိုးသူ၊ ရန်ကုန်တိုင်းအမျိုးသမီးအားကစားအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြမြလွင်၊ ရန်ကုန်တိုင်း အုပ်ချုပ်ရေးမှူးဦးလှစိုးနှင့် ရန်ကုန်တိုင်း အားကစားမှူး ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်းတို့က ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**(မြန်မာ့အလင်း)**

# အားကစားဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် အာရှခရစ်ကတ်ကောင်စီတာဝန်ခံအား လက်ခံတွေ့ဆုံ

**ရန်ကုန် မေ ၂၀**

မြန်မာနိုင်ငံတွင်ရောက်ရှိနေသော ACC(အာရှခရစ်ကတ်ကောင်စီ) တာဝန်ခံအရာရှိ Mr.Rogger Binny အား အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဝန်ကြီးရုံး ပတ္တမြားခန်းမ၌ ယမန်နေ့ကလက်ခံတွေ့ဆုံရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး ဦးသောင်းထိုက်နှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံခရစ်ကတ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်နှင့် အထွေထွေအတွင်းရေးမှူး ဒေါ်ဆွေဇင်ထိုက်တို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံခရစ်ကတ်အဖွဲ့ချုပ်အား အာရှခရစ်ကတ်အဖွဲ့ချုပ်သို့ ဝင်ရောက်ရေးကိစ္စ၊ ကွင်းတည်ဆောက်ရေးနှင့် ဒိုင်သင်တန်း၊ နည်းပြသင်တန်းနှင့် မျိုးဆက်သစ်ခရစ်ကတ်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေးအတွက် အာရှခရစ်ကတ်အဖွဲ့ချုပ်မှ ကူညီဆောင်ရွက်မည့် ကိစ္စများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ခရစ်ကတ်အားကစားနည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြမည့်ကိစ္စရပ်များကို အလေးထားဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၇၃)ကြိမ်မြောက်သွေးလှူဒါန်း

**ရန်ကုန် မေ ၂၀**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ ဦးမြင့်စိုး (လက်ထောက်ညွှန်ကြားရေးမှူး၊ ငြိမ်း) မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အမှုဆောင်သည် အမှတ်(၂)တပ်မတော်စစ်ဆေးရုံ(ခုတင်–၅၀၀)တွင် (၇၃) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့တစ်လွှား အားကစား

## အက်ဖ်အေဖလားဗိုလ်လုပွဲယှဉ်ပြိုင်စဉ် ဒိုင်လူကြီးအနေဖြင့်ပြတ်သားစွာဆောင်ရွက်ရန် ဖာဂူဆန်တိုက်တွန်း

လန်ဒန် မေ ၂၀

**အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို မေ ၂၁ရက်တွင် မီလီနီယမ်ကွင်းကြီး၌ ယှဉ်ပြိုင်ကစားတော့မည်ဖြစ်ရာ အက်ဖ်အေဖလားဗိုလ်လုပွဲသည် အကြိတ်အနယ်ရှိမည့် ဗိုလ်လုပွဲဖြစ်မည်ဖြစ်ကြောင်း၊ ဒိုင်အဖြစ် ဆောင်ရွက်မည့်သူများသည် သတိပေးမှုကိုသာ အသုံးပြုသင့်ကြောင်း၊ ပြတ်သားစွာ ဆောင်ရွက်သင့်ကြောင်း မန်နေဂျာ ဆာအလက်ဖာဂူဆန်က တိုက်တွန်းပြောကြားလိုက်သည်။**

မန်ယူကစားသမားများ၏ အကြောင်းကို ဒိုင်များသိရှိကြလိမ့်မည်ဖြစ်ကြောင်း၊ ယခုပွဲသည် ဖလားလုပွဲဖြစ်ကြောင်း၊ အမှားအယွင်း မခံနိုင်ကြောင်း၊ ယခုနှစ်အတွင်း မန်ယူနှင့် အာဆင်နယ်တို့ အိုးထရက်ဖို့ဒ်နှင့် ဟိုက်ဘူရီကွင်းတို့၌ ယှဉ်ပြိုင်ကစားခဲ့ကြပြီးဖြစ်ကြောင်း၊ ဖေဖော်ဝါရီလက ယှဉ်ပြိုင်ခဲ့ရာတွင် မန်ယူက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း ပြောကြားသည်။

အင်္ဂလိပ် ပရီမီယာလိဂ်အသင်းများအတွက် တစ်ရာသီအတွင်း အဓိက ယှဉ်ပြိုင်ကစားရသည့်ပွဲ သုံးပွဲရှိသည်။ ယင်းတို့မှာ အမှတ်ပေးချန်ပီယံဖလား၊ ကားလင်းဖလားနှင့် အက်ဖ်အေဖလားတို့ဖြစ်သည်။ ယင်းဖလား သုံးလုံးအနက် ကားလင်းဖလားမှာ ချယ်လ်ဆီးက လီဗာပူးကို အနိုင်ကစားပြီး ရယူသွားပြီဖြစ်သည်။ ထို့အတူ ပရီမီယာလိဂ်ဖလားကိုလည်း ချယ်လ်ဆီးကပင် ရယူသွားပြီ ဖြစ်သည်။

### မျှော်လင့်ချက်

အက်ဖ်အေဖလားသည် ပရီမီယာလိဂ်ထိပ်သီး မန်ယူနှင့် အာဆင်နယ်တို့အတွက် အဓိကမျှော်လင့်ချက်ဖလားဖြစ်လာခဲ့သည်။

### ၁၁ ကြိမ်

အက်ဖ်အေဖလား သမိုင်းစဉ်တစ်လျှောက် မန်ချက်စတာယူနိုက်တက်အသင်းသည် အောင်မြင်မှုအရဆုံးအသင်းဖြစ်ခဲ့သည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် ၁၉၀၉ ခုနှစ်မှ ၂၀၀၄ခုနှစ်အတွင်း အက်ဖ်အေဖလား ၁၁ ကြိမ် ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

## အက်ဖ်အေဖလားဗိုလ်လုပွဲ အောင်ပွဲရရန် အာဆင်နယ်နောက်တန်းလူလောရင့်ပြောကြား



**လန်ဒန် မေ ၂၀**

မန်ချက်စတာ ယူနိုက်တက်အသင်းနှင့် အာဆင်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားမည့် အက်ဖ်အေဖလားဗိုလ်လုပွဲသည် နှစ်ဖက်အသင်းအကြား ပြီးခဲ့သောပွဲများကိုကြည့်၍ အငြင်းပွားဖွယ်များဖြစ်စေလိမ့်မည် မဟုတ်ကြောင်း အာဆင်နယ် နောက်တန်းကစားသမားလောရင့်က အခိုင်အမာပြောဆိုလိုက်သည်။ **(ယာပုံ)**

ယခုဗိုလ်လုပွဲသည် မိမိတို့အသင်းအောင်ပွဲခံအနိုင်ရလိမ့်မည်ဖြစ်ကြောင်း၊ နှစ်ဖက်အသင်းသည် ယခုနှစ်ရာသီတွင် ၎င်းတို့၏အသင်းကို ဖလားတစ်လုံးရယူပေးရန် မျှော်လင့်နေကြကြောင်း၊ ပြဿနာတစ်စုံတစ်ရာမပေါ်ပေါက်ဘဲ အောင်ပွဲခံရန်မျှော်လင့်ထားကြောင်း လောရင့်က ဘီဘီစီစပို့စ်သို့ ပြောကြားသည်။

မိမိတို့အသင်းသည် တောင့်တင်းခိုင်မာသော အသင်းကောင်းဖြစ်ကြောင်း၊ ပြီးခဲ့သည်များနှင့်မတူ တစ်မူထူးခြားစွာ မြင်တွေ့ရမည်ဖြစ်ကြောင်း၊ အောက်တိုဘာလက အိုးထရက်ဖို့ဒ်၌အာဆင်နယ်၏ ရှုံးပွဲမရှိစံချိန်ကို နှစ်ဂိုး–ဂိုးမရှိဖြင့် ရပ်တန့်စေခဲ့သည်မှန်သော်လည်း ထိုစဉ်က အာဆင်နယ် မဟုတ်တော့ကြောင်း၊ ဖေဖော်ဝါရီလက ဟိုက်ဘူရီကွင်း၌ မန်ယူက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့ရာတွင်လည်း အာဆင်နယ်အသင်းခေါင်းဆောင် ပက်ထရစ်ဗီယာရာနှင့် ရွိုင်ကိန်းတို့ အခင်းဖြစ်ပွားမှုကြောင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်ကြောင်း လောရင့်က ထပ်လောင်းပြောကြားသည်။

### ကိုးကြိမ်တိုင်

အာဆင်နယ်အသင်းသည် ၁၉၃၀ ပြည့်နှစ်မှ ၂၀၀၃ခုနှစ်အထိ ကိုးကြိမ်တိုင် အက်ဖ်အေဖလားကိုဗိုလ်စွဲခဲ့သည့် အသင်းဖြစ်သည်။ **(အင်တာနက်)**

## မန်ယူနှင့် စာချုပ်ရန် သဘောတူပြီးမှ ချယ်လ်ဆီးသို့သွားလိုသူ

**လန်ဒန် မေ ၂၀**

နော်ဝေကစားသမား ဂျွန်မိုက်ကယ်အိုဘီသည် မန်ချက်စတာယူနိုက်တက်နှင့် စာချုပ်ရန် သဘောတူပြီး တစ်လအကြာ ချယ်လ်ဆီးနှင့် စာချုပ်လိုကြောင်း ၎င်းက မကြာမီက ပြောကြားသည်။

အသက် ၁၈နှစ်အရွယ်ရှိ အိုဘီက ဘီဘီစီသို့ ပြောကြားရာတွင် မိမိသည် အိုးထရက်ဖို့ဒ်သို့မသွားလိုကြောင်း၊ တစ်စုံတစ်ခုသောအကြောင်းကြောင့် မန်ယူနှင့်စာချုပ်ရန် သဘောတူညီခဲ့ရခြင်း ဖြစ်ကြောင်း၊ မိမိချယ်လ်ဆီးကို သဘောကျကြောင်း၊ ချယ်လ်ဆီး၌သာကစားရန် ပျော်ရွှင်မိကြောင်း ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

## မန်ယူအသင်း မန်နေဂျာအဖြစ် ဖာဂူဆန်သုံးနှစ်ဆက်နေသွားလိုဟုဆို

**လန်ဒန် မေ ၂၀**

မန်ချက်စတာယူနိုက်တက် တောင်ပံကစားသမား ရွိုင်ယန်ဂစ်ကို မန်ချက်စတာယူနိုက်တက်က ၂၀၀၈ခုနှစ် ဇွန်လအထိတိုင်အောင် စာချုပ်သစ်တစ်ရပ်ကို မကြာမီက လက်မှတ်ရေးထိုးခဲ့သည်။

### ထုတ်ဖော်ပြောကြား

အဆိုပါကာလအထိတိုင်အောင် မန်ချက်စတာယူနိုက်တက်အသင်း မန်နေဂျာ ဆာအလက်ဖာဂူဆန် **(ယာပုံ)**က မန်ချက်စတာယူနိုက်တက်အသင်းတွင် နေသွားလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

“သူကကျွန်တော့်ကို လက်မှတ်ရေးထိုးစာချုပ်ဖို့အားပေးခဲ့ကြောင်း၊ ထိုကာလအထိတိုင်အောင် သူနေသွားမည်ကိုညွှန်းဆိုကြောင်း” ဂစ်က ပြောကြားသည်။

မန်နေဂျာအလက်ဖာဂူဆန်က ရွန်နီ၊ ခရစ္စတီယာနိုရိုနယ်လ်ဒိုနှင့် ဒါရင်ဖလက်ချာတို့ကို ကမ္ဘာ့ထိပ်တန်းကစားသမားများအဖြစ် မြင်တွေ့လိုကြောင်း ၎င်းက ပြောကြားသည်။

မန်ချက်စတာယူနိုက်တက်အသင်းအား အမေရိကန်သူဌေး မာကွင်းဂလေဇာက လွှဲပြောင်းယူသွားသော်လည်း ဖာဂူဆန်အနေဖြင့် သူ့အလုပ်သူ ဆက်လုပ်သွားမည်ဟု ယုံကြည်ကြောင်း ဂစ်ကပြောဆိုသည်။ **(အင်တာနက်)**

# တရားပွဲကျင်းပမည်

**ရန်ကုန် မေ ၂၀**

မြတ်ဗုဒ္ဓ၏ ပဋိပတ်အကျင့် မြတ်တရားတော်များကို ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထ ဝိပဿနာ တရားတော်များအား ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အုံ့ကြီး)က မေ ၂၅ရက်မှ ၃၁ရက်အထိ မြောက်ဥက္ကလာပမြို့နယ် (စ)ရပ်ကွက် သန္တာဓမ္မာရုံ၌ ညနေ ၆နာရီခွဲမှ ည ၈နာရီအထိလည်းကောင်း၊ ဇွန် ၁ရက်မှ ၇ရက်အထိ ဗိုလ်တထောင်ကျိုက်ဒေးဆပ် ဆံတော်ဦးစေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံ၌ ညနေ ၆နာရီမှ ည ၇နာရီခွဲအထိလည်းကောင်း ကိုယ်တွေ့ဉာဏ်မြင် ခန္ဓာဉာဏ်ရောက်တရားတော်များကို ဟောပြောပို့ချမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန်

မြန်မာ့မာန်ကုမ္ပဏီလီမိတက်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော

**သုခစုစံ** ပြည်ပအလုပ်အကိုင်ရှာဖွေရေး ကုမ္ပဏီ မှ

**မလေးရှားနိုင်ငံရှိကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်ရန်အထွေထွေလုပ်သားများလိုအပ်နေပါသည်။**

| (၁) Agronite Micron Technology Sdn. Bhd၊ | (၂) Magmatrans **စားသောက်ဆိုင်** |
|---|---|
| **လိုအပ်သောဦးရေ - (၂၀)ဦး** | **လိုအပ်သောဦးရေ - (၂၂)ဦး** |
| **တစ်နေ့ ၂၈ ရင်းဂစ်(အချိန်ပိုလုပ်အားခအပါ)** | **တစ်နေ့ ၂၈ ရင်းဂစ်(အချိန်ပိုလုပ်အားခအပါ)** |

**အထက်ပါလုပ်ငန်းများအတွက်**

(၁) အသက်(၂၁)နှစ်မှ (၃၅)နှစ်အတွင်း အမျိုးသားဖြစ်ရမည်။
(၂) သုံးနှစ်ကန်ထရိုက်သက်တမ်းပြည့်အောင်လုပ်နိုင်ပြီး ကျန်းမာရေးကောင်းမွန်ရမည်။
(၃) ခွင့်ရက်နှင့်အလုပ်ပိတ်ရက်သည် မလေးရှားနိုင်ငံ အလုပ်ဥပဒေအတိုင်းဖြစ်ပါသည်။
(၄) တစ်လအတွင်းလျှောက်ထားနိုင်ပါသည်။ ဝန်ဆောင်ခ ကျပ်ခြောက်သိန်းငါးသောင်းဖြစ်ပါသည်။

**နိုင်ငံကူးလက်မှတ် (Passport) မရှိသေးသူများလည်း လျှောက်ထားနိုင်ပါသည်။**
**နယ်မှလာသူများအတွက် အလုပ်စလျှောက်ချိန်တွင် အခမဲ့တည်းခိုရန် စီစဉ်ပေးမည်။**

ဆက်သွယ်ရန်- **သုခစုစံ** ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီ

အမှတ်(၁၀၇)မြေညီ၊ ဆိပ်ကမ်းသာလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၅၃၉၅၆၊ ၂၅၃၂၉၈၊ ၃၅၅၇၅၈၊ ၃၈၆၈၇၇။

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော စက္ကူများဝယ်ယူရန်
## တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါစက္ကူများကို ဝယ်ယူလိုပါသည်-

(က) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း

| | |
|---|---|
| (၁) Newsprint Paper(48.8 GSM) ($28\frac{1}{4}$", 30") | တန် ၁၇၅၀ |
| (၂) Woodfree Paper (30") (80 GSM) | တန် ၅၀ |

(ခ) သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း

| | |
|---|---|
| (၁) Newsprint Paper (30") (48.8 GSM) | တန် ၁၈၀၀ |

၂။ တင်ဒါပေးသွင်းမှုကို ၂၇-၅-၂၀၀၅ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၄၅၆၂၄၊ ၂၄၅၆၃၁၊ ၂၄၅၆၄၅။**

**စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၂)၊အမှတ်(၅) ထုတ်ဝေဖြန့်ချိ**

**ရန်ကုန် မေ ၂၀**

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၂)၊ အမှတ်(၅)ကို ယနေ့ထုတ်ဝေဖြန့်ချိထားသည်။

**(အပေါ်ပုံ)**

အဆိုပါ ဂျာနယ်တွင် သျှင်ပညာဇောတ၊ ဒေါက်တာကြည်လင်၊ ဒေါက်တာမာလာကို၊ ထက်ကောင်းလတ် (မင်းဘူး)၊ သူရိန်ဝင်း၊ ညွှန့်ဟံ(ကြူတော)၊ မြတ်ရည်မွန်၊ အေးယုတင် (ခေတ္တရာမြေ)၊ ကြက်ခြေနီ (ကြည်ကြည်)၊အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်၊ အမျိုးသားစာပေဆုရ)၊သူထူးအိမ်(ရေကင်း)၊ သက်သက်သင်း (ပညာရေး)၊ ပါမောက္ခ ဦးအေးမြင့်(ပထဝီဝင်)၊ စွန်ရဲမင်း(သစ်နဖား)၊ ကိုသက် (ဇီးကုန်း)၊ ကျော်ဇင်ညွှန့်(တရားရုံးချုပ်ရှေ့နေ)၊ ဒေါက်တာမျိုးမင်းဇော်၊ မောင်ယင်းမာ (ရိုးပြတ်တော)တို့၏ဆောင်းပါးများ၊ တက္ကသိုလ်နန်းဖြူဖြူထွန်း၊ အေးသိမ့်၊ လှပြုံးနိုင်(မန္တလေး)တို့၏ကဗျာများ၊ မင်းသု့ကျော်၊ ယုမောင်တို့၏ ရုပ်ရှင်၊ ဗီဒီယိုအညွှန်း၊ ဆြာစန်း၏ ဗေဒင်ကဏ္ဍ၊ အင်္ဂလိပ်စကားပြောသင်ခန်းစာတို့ဖြင့် စုံလင်စွာဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

အသစ်ဖွင့်လှစ်မည့် အလှပြင်ဆိုင်တွင်

**ဝန်ထမ်းအလိုရှိသည်** (ပြည်တွင်း၌သာခန့်ထားရန်)

| | | |
|---|---|---|
| လက်ထောက်မန်နေဂျာ (အသက် ၂၇နှစ်မှ ၅၀အတွင်း) | (ကျား) | ၁ ဦး |
| ငွေကိုင် | | ၁ ဦး |
| စာရင်းကိုင် | (မ) | ၁ ဦး |
| ဆံပင်ညှပ်ကျွမ်းကျင်သူ | (မ) | ၂ ဦး |
| လျှော်/သစ်ကျွမ်းကျင်သူ | (မ) | ၅ ဦး |
| အလုပ်သင် | (မ) | ၃ ဦး |

လုပ်ငန်းကျွမ်းကျင်သူ ဦးစားပေးမည်။အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

**ဆက်သွယ်ရန် - အမှတ် ၅၆(စီ)၊ ဗညားဒလလမ်း၊ သိမ်ဖြူတင်းနစ်ကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ☎ ၂၉၀၇၇၄၊ ၀၉-၅၁၂-၁၇၁၄**



# မီး သတိပြု



# ထာဝရဖွံ့ဖြိုးတိုးတက်အောင် လမ်းပြဆောင်မည့် ဇီဝစွမ်းအင်

ရွှေနဂါး တင်ဝင်း

၂၁ ရာစုနှစ်တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ သို့မဟုတ် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ သို့မဟုတ် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးတို့သည် ထာဝရတည်မြဲသော စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်သက်ဆိုင်နေမည် ဖြစ်သည်။ စွမ်းအင်သည် စက်မှုဖွံ့ဖြိုးပြီး နိုင်ငံကြီးများ၏ မောင်းနှင်အားနှင့် တတိယကမ္ဘာနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ် လိုအပ်သော အခြေခံဖြစ်သည်။

လက်ရှိကမ္ဘာ့စွမ်းအင်အခြေအနေမှာ အဓိက အားကိုးအားထားပြုနေရသည့် ရုပ်ကြွင်းလောင်စာ(ရေနံ)သည် ၂၁ ရာစုနှစ်အတွင်းတွင် ဧကန်မလွဲ ကုန်ခန်းတော့မည်၊ သို့မဟုတ် ရှားပါးတော့မည်ဖြစ်သည်။ ရုပ်ကြွင်းလောင်စာများနေရာတွင် ထုနှင့်ထည်နှင့် လောင်စာအစားထိုးနိုင်သော နိုင်ငံသည် မြေကြီးလက်ခတ်မလွဲ ချမ်းသာကြွယ်ဝမည်ဖြစ်သည်။ **၂၀ ရာစုနှစ်တွင် ပထဝီအနေအထားအရ ရေနံပေါကြွယ်ဝသော နိုင်ငံများ ချမ်းသာကြွယ်ဝသကဲ့သို့ ၂၁ ရာစုနှစ်တွင် ရုပ်ကြွင်းလောင်စာများနေရာတွင် အစားထိုးလောင်စာ ထုတ်ကုန်အမယ်သစ်(အမည်သစ်)များ ပေါကြွယ်ဝစွာ ထုတ်လုပ်လာနိုင်သည့် နိုင်ငံများသည် ချမ်းသာကြွယ်ဝမည့် နိုင်ငံအဖြစ် ပေါ်ထွန်းလာမည်ဖြစ်သည်။ ၂၁ ရာစုနှစ်တွင် အစားထိုးလောင်စာများ ပေါကြွယ်ဝစွာ ထုတ်လုပ်လာနိုင်သည့် နိုင်ငံတွင် မြန်မာနိုင်ငံသည် ရှေ့တန်းမှ ပါဝင်လျက်ရှိသည်။**

ယနေ့မြန်မာနိုင်ငံ အပါအဝင် ကမ္ဘာတစ်ဝန်းလုံး သုံးစွဲနေသော ရေနံအခြေခံစွမ်းအင်သည် ထာဝရတည်ရှိနိုင်မည့် စွမ်းအင်မဟုတ်ပါ။ သို့အတွက် ဤစွမ်းအင်ကို အခြေခံ၍ ဆောင်ရွက်ထားသည့် စီးပွားရေးအဆောက်အအုံများသည် ထာဝရတည်ရှိနိုင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်မလာနိုင်ပါ။ သို့အတွက် ကမ္ဘာတည်သရွေ့ တည်ရှိနိုင်မည့် စွမ်းအင်များကို ပြောင်းလဲအသုံးပြုလာရန် မလွဲမသွေ လိုအပ်လာသည်။ ထာဝရတည်ရှိနိုင်သော စွမ်းအင်များတွင် ရေ၊ လေ၊ နေ၊ ပထဝီ(Geothermal)နှင့် ဇီဝဒြပ်ထုစွမ်းအင်တို့ ပါဝင်သည်။ ဤစွမ်းအင်ဆိုင်ရာ အရင်းအမြစ်များမှာ မြန်မာနိုင်ငံတွင် သဘာဝအလျောက် ပေါကြွယ်ဝစွာ တည်ရှိနေပြီးဖြစ်သည်။ အလားတူ ရခိုင်ပြည်နယ်တွင်လည်း အလျှံပယ် တည်ရှိနေသည်။

**သံတွဲမြို့နယ် ရွှေလှေကျေးရွာတွင် ကျင်းပသော စပါးခွံသုံး လျှပ်စစ်ဓာတ်အားပေးစက် သရုပ်ပြပွဲကို ဤသို့ တွေ့ရသည်။**



**ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင် သံတွဲမြို့နယ် ရွှေလှေကျေးရွာတွင် ကျင်းပသော စပါးခွံသုံးလျှပ်စစ်ဓာတ်အားပေးစက် သရုပ်ပြပွဲသို့ လာရောက်ကြည့်ရှုအားပေးစဉ်။**

၂၀ ရာစုနှစ်တွင် ပထဝီအနေအထားအရ ရေနံပေါကြွယ်ဝသော နိုင်ငံများ ချမ်းသာကြွယ်ဝသကဲ့သို့ ၂၁ ရာစုနှစ်တွင် ရုပ်ကြွင်းလောင်စာများနေရာတွင် အစားထိုးလောင်စာ ထုတ်ကုန် အမယ်သစ် (အမည်သစ်) များ ပေါကြွယ်ဝစွာ ထုတ်လုပ်လာနိုင်သည့်နိုင်ငံများသည် ချမ်းသာကြွယ်ဝမည့် နိုင်ငံအဖြစ် ပေါ်ထွန်းလာမည်ဖြစ်သည်။ ၂၁ ရာစုနှစ်တွင် အစားထိုးလောင်စာများ ပေါကြွယ်ဝစွာ ထုတ်လုပ်လာနိုင်သည့် နိုင်ငံတွင် မြန်မာနိုင်ငံသည် ရှေ့တန်းမှ ပါဝင်လျက်ရှိသည်။

၂၀၀၅ခုနှစ် ဧပြီလ ၅ရက်နေ့ ညနေပိုင်းတွင် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်သည် စာရေးသူအား သံတွဲမြို့ ငပလီကမ်းခြေ အဏ္ဏဝါရိပ်သာသို့ ခေါ်ယူ၍ ရခိုင်ပြည်နယ်အတွင်း ကျေးရွာများတွင် ဇီဝဒြပ်ထု စွမ်းအင်နည်းပညာနှင့် သက်ဆိုင်သော စက်မောင်းဆီအစားထိုး စပါးခွံလောင်စာဖြင့် မောင်းနှင်နိုင်သော လျှပ်စစ်ဓာတ်အားထုတ်စက်များ တပ်ဆင်၍ ကျေးရွာများတွင် လျှပ်စစ်မီးလင်းစေချင်ကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းများမှာလည်း ရင်းနှီးငွေအဆမတန် များပြားသဖြင့် ရခိုင်ပြည်နယ်အတွင်း မဆောင်ရွက်နိုင်သေးကြောင်း၊ ရခိုင်ပြည်နယ်အတွင်း လေတိုက်နှုန်းမှာလည်း ပြင်းထန်သဖြင့် လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုလုပ်ငန်းကိုလည်း မဆောင်ရွက်နိုင်သေးကြောင်း၊ရခိုင်ပြည်နယ်တွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး စပါးခွံများမှာ စက်ကြိတ်အကြွင်းအကျန်အဖြစ် ဆန်ကြိတ်ခွဲစက်တိုင်းတွင် တောင်ပုံယာပုံ စုပုံလျက်ရှိကြောင်း၊ သို့အတွက် ရခိုင်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် စပါးခွံလောင်စာအသုံးပြု၍ စက်မောင်းဆီ အစားထိုးပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လာနိုင်လျှင် ရခိုင်ပြည်နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် လျှပ်စစ်မီး ထိန်ထိန်လင်းလာမည်ဖြစ်ကြောင်း၊ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်နိုင်ရန် သံတွဲမြို့နယ် ရွှေလှေကျေးရွာတွင် စပါးခွံလောင်စာဖြင့် စက်မောင်းဆီအစားထိုး၍ စပါးခွံသုံး လျှပ်စစ်ဓာတ်အားထုတ်စက်ကို လက်တွေ့မောင်းနှင်လည်ပတ်စေ၍ သရုပ်ပြပွဲ ဆောင်ရွက်ပေးရန် မှာကြားခဲ့သည်။

၆-၄-၂၀၀၅ရက်နေ့ နံနက်တွင် တိုင်းမှူးသည် တောင်ကုတ်မြို့သို့ သွားရောက်ရန် ခရီးစဉ်ရှိသဖြင့် စာရေးသူအားခေါ်ဆောင်၍ လမ်းခရီးတွင်ရှိသော ရွှေလှေကျေးရွာတွင် စာရေးသူအားထားခဲ့ပြီး စပါးခွံသုံးလျှပ်စစ်ဓာတ်အားပေးစက် လက်တွေ့သရုပ်ပြပွဲကို ဆက်လက်ဆောင်ရွက်နိုင်ရန် တာဝန်ပေးခဲ့သည်။

တိုင်းမှူး၏ ဆောင်ရွက်မှုသည် ရခိုင်ပြည်နယ်ကို ထာဝရတည်မြဲသော ဖွံ့ဖြိုးရေး၊ သို့မဟုတ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ တွန်းတင်ပေးခြင်းဖြစ်သည်။ စာရေးသူအား ရွှေလှေရဲစခန်းမှူး ဦးဖေသိန်း၊ ကျေးရွာဥက္ကဋ္ဌ ဦးလှရွှေနှင့်အဖွဲ့ဝင်တို့က လှိုက်လှဲပျူငှာစွာကြိုဆိုခဲ့ကြသည်။ ခရီးရောက်မဆိုက်ပင် ရွှေလှေကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းတွင် စပါးခွံသုံး လျှပ်စစ်ဓာတ်အားပေးစက် လက်တွေ့သရုပ်ပြပွဲဆောင်ရွက်နိုင်ရန် အစည်းအဝေးကျင်းပခဲ့သည်။ ကျေးရွာရုံးခန်းတွင် ရန်ကုန်မှ ကြိုတင်ပို့ထားသော "နဂါးနီဇီဝလောင်စာသုံး လျှပ်စစ်ထုတ်စက်"မှာ ရောက်နှင့်နေပြီးဖြစ်သည်။

ဧပြီ ၈ရက်နေ့ နံနက်တွင် ရွှေလှေကျေးရွာသို့ စာရေးသူ၏သား ဦးဝင်းနိုင်ဦးနှင့် စက်ဆရာဦးကျော်ငြိမ်းတို့ ရောက်လာသည်။ နံနက်ပိုင်းတွင် စာရေးသူဦးဆောင်ပြီး "နဂါးနီဇီဝလောင်စာသုံး လျှပ်စစ်ထုတ်စက်"ကို တပ်ဆင်ကြသည်။ ညနေ ၅နာရီခန့်တွင် တပ်ဆင်ပြီး စမ်းသပ်မောင်းနှင်၍ လိုအပ်သည်များကို ပြင်ဆင်ကြသည်။

ရွှေလှေကျေးရွာတွင် မူလကပင် ကျောင်းကြီးဆရာတော်ဦးသီဟ၏ ဩဝါဒဖြင့် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဖွဲ့စည်းပြီး ဆရာတော်နှင့် တောင်ကုတ်မြို့တွင်နေထိုင်သူ ဦးမြင့်သောင်းတို့က အလှူတော်ငွေမတည်ပြီး ကျေးရွာမှစုပေါင်းထည့်ဝင်ငွေဖြင့် မြင်းကောင်ရေ ၃၆ ကောင်အားရှိ ဒီဇယ်အင်ဂျင်ဖြင့် ကီလိုဝပ်၂၀ လျှပ်စစ်ဓာတ်အားပေးစက်တို့ တွဲဆက်၍ ကျေးရွာကို လျှပ်စစ်ဓာတ်အားလိုင်း လေးလိုင်းခွဲပြီး လျှပ်စစ်ဓာတ်အားပေးနေသော ရွာဖြစ်သည်။ လျှပ်စစ်မီး လိုင်းတစ်လိုင်းလျှင် လျှပ်စစ်ဓာတ်အား ငါးကီလိုဝပ်ခန့် အသုံးပြုနေသည်။ နှစ်ပေမီးချောင်း၊ ရုပ်မြင်သံကြားစက်၊ ဗီစီဒီစက်၊ ရေစုပ်စက်တို့ သုံးစွဲလျက်ရှိကြသည်။ ကျေးရွာတွင် စုစုပေါင်းလျှပ်စစ်ဓာတ်အား သုံးစွဲနေသည့်ပမာဏမှာ ကီလိုဝပ် ၂၀ ခန့်ရှိနေသည်။

နဂါးနီဇီဝလောင်စာသုံး လျှပ်စစ်ထုတ်စက်မှာ ၁၀ ကီလိုဝပ်သာရှိသဖြင့် လက်ရှိကျေးရွာတွင် လျှပ်စစ်မီးအသုံးပြုနေခြင်းအပေါ် အပြည့်အဝမပေးနိုင်ပါ။ သို့အတွက် ၁၀ ကီလိုဝပ်ခန့် လျှပ်စစ်မီးအသုံးပြုလျက်ရှိသော မီးလိုင်းနှစ်လိုင်းဖြင့် နဂါးနီဇီဝလောင်စာသုံးလျှပ်စစ်ထုတ်စက်ဖြင့် ဆက်သွယ်မှုပြုခဲ့ပြီး လျှပ်စစ်မီး ပေးခဲ့သည်။ ကျန် ၁၀ ကီလိုဝပ်အသုံးပြုလျက်ရှိသော မီးလိုင်းနှစ်လိုင်းကို ကျေးရွာမှ လက်ရှိအသုံးပြုလျက်ရှိသော ဒီဇယ်အင်ဂျင်ဖြင့် လျှပ်စစ်မီးပေးခဲ့သည်။ မီးပေးချိန်ကို ညနေ ၆ နာရီခွဲတွင် တစ်ပြိုင်တည်းစတင်ပေးပြီး ည ၉ နာရီခွဲတွင် လျှပ်စစ်မီးပေးခြင်းကို ရပ်နားပြီး စက်မောင်းဆီကုန်ကျမှုကို စစ်ဆေးခဲ့သည်။ ဒီဇယ်ဆီနှင့် မောင်းသောအင်ဂျင်မှာ ဒီဇယ်ဆီ ခြောက်ပုလင်းခန့် နိုင်ငံခြားငွေတစ်ဒေါ်လာခန့် ကုန်ကျခဲ့ပြီး နဂါးနီဇီဝလောင်စာသုံး လျှပ်စစ်ထုတ်စက်မှာ စပါးခွံလေးတင်းခွဲခန့်သာ ကုန်ကျခဲ့ပြီး အခမဲ့ရရှိသော စပါးခွံဖြစ်သဖြင့် စက်မောင်းဆီဖိုး ကုန်ကျမှုမရှိခဲ့ပါ။ ဤကဲ့သို့ လျှပ်စစ်မီး လက်တွေ့ထုတ်လုပ်ပြသခဲ့မှုကို ရွှေလှေကျေးရွာတွင် သုံးရက်ဆက်တိုက် ဆောင်ရွက်ခဲ့သည်။

၂၀၀၅ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်၏ စီစဉ်ဆောင်ရွက်မှုဖြင့် သံတွဲမြို့နယ် ရွှေလှေကျေးရွာတွင် သံတွဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့် အနီးကပ်ကြီးကြပ်၍ ရွှေလှေကျေးရွာနှင့် အနီးအနားကျေးရွာများမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရွှေလှေကျေးရွာ ရဲစခန်းမှူး ဦးဖေသိန်း၊ ကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဆန်စက်နှင့် ဆီစက်ပိုင်ရှင်များနှင့် စိတ်ပါဝင်စားသူများကို ဖိတ်ကြား၍ စပါးခွံသုံး လျှပ်စစ်ဓာတ်အားပေးစက်ကို လက်တွေ့ မောင်းနှင်ပြသခဲ့သည်။

စပါးခွံသုံးလျှပ်စစ်ဓာတ်အားပေးစက်နှင့် ပတ်သက်၍ စာရေးသူက စပါးခွံမှ ကတ္တရာကင်းစင်သော ပရိုဂျူဆာဓာတ်ငွေ့ထုတ်၍ ဓာတ်ငွေ့အင်ဂျင်များကို ပြဿနာမရှိ၊ အခက်အခဲမရှိ မောင်းနှင်အသုံးပြုနိုင်မှု အခြေအနေများကို လက်တွေ့မောင်းနှင်ပြသပြီး သိလို၍ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။

အဆိုပါ သရုပ်ပြရှင်းလင်းပွဲသို့ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင် တက်ရောက် ကြည့်ရှု အားပေးခဲ့ပါသည်။ စာရေးသူက ဒီဇယ်အင်ဂျင်နှင့် စပါးခွံသုံးအင်ဂျင်နှစ်လုံးတို့ကို ကီလိုဝပ် ၁၀စီ လျှပ်စစ်ဓာတ်အား ထုတ်လုပ်၍ စက်မောင်းချိန် သုံးနာရီ တစ်ပြိုင်တည်း ယှဉ်ပြိုင်မောင်းခဲ့ရာ ဒီဇယ်သုံးအင်ဂျင်၌ ဒီဇယ်ဆီခြောက်ပုလင်းခန့် ကုန်သော အချိန်တွင် စပါးခွံသုံးအင်ဂျင်မှ စပါးခွံလေးတင်းခွဲခန့်သာ ကုန်ကျခဲ့ကြောင်း တင်ပြခဲ့သည်။

တိုင်းမှူး ဗိုလ်မှူးချုပ် မင်းအောင်လှိုင်က "နိုင်ငံခြားငွေဖြင့် ဝယ်ယူအသုံးပြုနေရသည့် ဒီဇယ်ဆီအစား ရခိုင်ပြည်နယ်တွင် အခမဲ့ရရှိနေသည့် အလျှံပယ်ပေါများနေသော စပါးခွံများကို လောင်စာအဖြစ် စက်မောင်းဆီအစားထိုး အသုံးပြုကြခြင်းဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေချွေတာရာရောက်ပြီး လျှပ်စစ်ဓာတ်အားကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် သုံးစွဲနိုင်ကြောင်း၊ သို့အတွက် ကျေးရွာများတွင် လျှပ်စစ်မီးလင်းရေး ကော်မတီများဖွဲ့စည်း၍ စပါးခွံသုံး လျှပ်စစ်ဓာတ်အားပေးစက်များ အသုံးပြုရန်၊ ကျေးရွာများတွင် လက်ရှိအသုံးပြုနေသော ဆန်စက်၊ဆီစက်၊ အမှုန့်ကြိတ်စက်များကို ဒီဇယ်ဆီအစား စပါးခွံဖြင့် စက်မောင်းဆီအစားထိုး အသုံးပြုရန်၊ ရခိုင်ပြည်နယ်တွင် အထူးလိုအပ်လျက်ရှိသော ရေခဲများရရှိရေးအတွက် နှစ်တန်ကျ ရေခဲစက်ငယ်များကို စပါးခွံလောင်စာအသုံးပြု၍ တီထွင်ဆောင်ရွက်ကြရန်" ရခိုင်ပြည်နယ်တွင် သားစဉ်မြေးဆက် ထာဝရရရှိနေနိုင်သည့် စပါးခွံဖြင့် စက်မောင်းဆီအစားထိုး အသုံးပြုကြရန်၊ လုပ်ငန်းဆိုင်ရာများ မှာကြားဖြည့်ဆည်း ခဲ့သည်။

တက်ရောက်လာကြသူများကလည်း ဒီဇယ်ဆီအစား စပါးခွံဖြင့် စက်မောင်းဆီ အစားထိုး အသုံးပြုခြင်းဖြင့် အင်ဂျင်ကို ပြဿနာမရှိ၊ အခက်အခဲမရှိ စက်မောင်းဆီအတွက် ကုန်ကျစရိတ်မရှိဘဲ လက်တွေ့မောင်းနှင်အသုံးပြုနိုင်သည်ကို လက်တွေ့မြင်တွေ့ကြသဖြင့် ကျေးရွာများတွင် စပါးခွံသုံးလျှပ်စစ် ဓာတ်အားပေးစက်များ တပ်ဆင်အသုံးပြုကြရန်နှင့် လက်ရှိဆန်စက်၊ ဆီစက်နှင့် အမှုန့်ကြိတ်စက်တို့တွင် ဒီဇယ်ဆီနှင့် မောင်းနှင်အသုံးပြုနေရာမှ စပါးခွံဖြင့် စက်မောင်းဆီအစားထိုးအသုံးပြုရန် စိတ်ပါဝင်စားနေကြပြီဖြစ်သည်။ လုပ်ငန်းသစ်အဖြစ် စပါးခွံလောင်စာသုံး နှစ်တန်ကျ ရေခဲစက်များ တီထွင်အသုံးပြုလာကြရန် စိတ်ဝင်စားနေကြပြီ ဖြစ်သည်။

သို့ပါ၍ ၂၀၀၅ခုနှစ် ဧပြီလ ၁၉ ရက်နေ့မှစ၍ ဇီဝစွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ခရီးစဉ်ကို ရခိုင်ပြည်နယ်တွင် စတင်လိုက်ပြီဖြစ်ကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

မော်လမြိုင်ကျွန်းမြို့နယ် မြို့မဈေး၊ အောင်သာယာဈေးနှင့် ဆိပ်ကမ်းသာဈေးများ ပတ်လည်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန် စေရန်နှင့် သန့်ရှင်းမှုရှိစေရန်အတွက် ဧပြီ၁၀ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင် ကြီးကြပ်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဈေးသူဈေးသားများစုပေါင်း သန့်ရှင်းရေး ဆောင်ရွက်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့် အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

## ပေါင်းတည်မြို့တွင် ဝိဇာတပူဇော်၊ လှူဖွယ်ဝတ္ထုဆက်ကပ်

ပေါင်းတည် မေ ၁၂

**ပေါင်းတည်မြို့ နန်းဦးပရိယတ္တိ စာသင်တိုက် ဦးစီးပဓာန နာယက နိုင်ငံတော် သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တ ယုဂန္ဓရ သက်တော်(၉၄)နှစ်ပြည့် ဝိဇာတပူဇော်ပွဲ အခမ်းအနားကို မေ၃ရက် နံနက်၉နာရီကကျင်းပသည်။**

**ပူဇော်ကန်တော့**

အခမ်းအနားတွင် ပရိယတ္တိသာသန နုဂ္ဂဟအသင်း အကျိုးဆောင် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးဝမ်းရွှေက အခမ်းအနားအစီအစဉ်များကို တင်ပြပြီး နမောတဿ သုံးကြိမ် ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ကာ သက်တော်ရှည်ဆရာတော်ကြီးအား ပူဇော်ကန်တော့ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ကန်ကုန်းဆရာတော်ထံမှ ငါးပါးသီလ ဆောက်တည်ကြပြီး သံဃာတော်အပါး၁၀၀အား လှူဖွယ်ဝတ္ထုပစ္စည်းမျိုးစုံ ဆက်ကပ် လှူဒါန်းကြသည်။ (၃၃၁)

**အမြို့မြို့ အနယ်နယ် သတင်းများ**

၃၆/၃၃၀ အောင်မြေလမ်း ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဒေါ်ရိန် မိသားစုက အလှူငွေကျပ် တစ်သိန်းငါးသောင်း ငါးထောင်ကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

## အသိပေးနှိုးဆော်စာ

မန္တလေးတိုင်း မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ရွှေပေါ်ကျွန်းစေတော်ဝင် သာသနာပြုစခန်းကြီးကို စတင်တည်ထောင်တော်မူခဲ့သော ကျေးဇူးတော်ရှင် အရှင်ဇေယျသိဒ္ဓိ ဓမ္မဉာဏိက ဆရာတော်ကြီးသည် လွန်ခဲ့သောနှစ်ပေါင်း (၅၀)ကျော်က အဓိဋ္ဌာန်စခန်းဖြင့် ကမ္မဋ္ဌာန်းတရားများ စတင်အားထုတ်တော်မူခဲ့သော တရားဂူဟောင်း မူလအောင်မြေတွင် (မူလကမ္မဋ္ဌာန သေဝက လိုဏ်ဂူတော်)ကမ္ဘာလုံးစေတီတော်မြတ်ကြီးအား ပဓာနနာယက ဆရာတော် (ဘဒ္ဒန္တ ကုမာရ)အား အမှူးထား၍ ဦးထွန်းရွှေမြင့်-ဒေါ်လှမြင့် မိသားစုနှင့် ရန်ကုန် ဦးဇေယျတို့က ဦးဆောင်လျက် စေတီတော်ဖြစ်မြောက်ရေး ကော်မတီဖွဲ့ပြီး ခုနစ်ရက်သား သမီးများ၏ ပါရမီကုသိုလ်အဖြစ် ၁၃၆၇ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့)တွင် မြေသန့်မင်္ဂလာပြုလုပ်၍ ကဆုန်လပြည့်ကျော် ၁၃ရက် ဆရာတော် ကြီးမွေးနေ့တွင် ပန္နက်တင်အုတ်မြစ်စီအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပါရမီရှင်၊ကုသိုလ်ရှင်၊ တပည့်ဝေနေယျများအား ပါရမီကုသိုလ်ဖြစ်စေရန် အသိပေးနှိုးဆော်အပ်ပါသည်။

**လှူဒါန်းနိုင်သောဌာနများ**

၁။ ဦးထွန်းရွှေမြင့်- ဒေါ်လှမြင့်နှင့်သားများ၊(၃၇)မိုင် ၊ ထွန်းထွန်းမြိုင်ခြံအနီးစခန်း၊ပြင်ဦးလွင်။
၂။ ဦးဇေယျ၊ ဇေယျာဆေးခန်း အမှတ်(၃၇၈)ရွှေဘုံသာ(အထက်လမ်း)၊ ဖုန်း-၂၈၂၇၀၃၊ ရန်ကုန်။
၃။ စေတီတော်ဖြစ်မြောက်ရေးကော်မတီ စေတော်ဝင်ကျောင်း၊ ရွှေပေါ်ကျွန်းသာသနာပြုစခန်း၊မလှိုင်မြို့နယ်၊ဖုန်း ၀၂-၆၇၃၆၉။



## ကန့်ကွက်နိုင်ကြောင်း

တောင်ကြီးမြို့ ညောင်ရွှေ ဟော်ကုန်းရပ်ကွက် ကွင်းအမှတ်၂၁၊ ဦးပိုင်အမှတ် ၈၆/က စတုရန်းပေ၃၄၈၅ရှိသော မြေကွက်နှင့် အဆောက်အအုံကို တောင်ကြီးခရိုင် တရားရုံးတွင် တရားမမှုအမှတ် ၁၁/၉၅ဖြင့် အနိုင်ရရှိခဲ့ပြီး မူရင်းဂရန် ပျောက်ဆုံးသွားပါ၍ ဒေါ်အေးမြမှ ဦးထွန်းစိန်-ဒေါ်ညိုမေအမည်ဖြင့် မြေငှားဂရန်လျှောက်ထားထုတ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၅ရက်အတွင်း ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တောင်ကြီးသို့ ကန့်ကွက်နိုင်ပါကြောင်း။

**ဦးထွန်းစိန်**
**၁၃/တကန (နိုင်) ၀၄၆၈၉၉။**

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(ပ)ထပ်( ၁၈ ပေ x ပေ ၄၀)
အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်
**ဆက်သွယ်ရန်ဖုန်း-၀၉ ၅၁ ၀၀၉၉၅ ၇၂၂၄၂၀၊ ၅၅၈၀၄၉။**

## အမည်ပြောင်း

လားရှိုးမြို့(အထက-၂)မှ ဦးလီကျန်းချန်း၏ သမီးဖြစ်သူ နဝမတန်းမှ မအေးသီတာ ၁၃/လရန(နိုင်)၁၁၇၂၄၅အားမလီဟွေလန်ဟုပြောင်းလဲခေါ်ပါရန်။ **မလီဟွေဟန်။**

## ကြော်ငြာစာ

မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ် (၅၈၉/က) ဦးပိုင်အမှတ်(ခ-၁၃)၊ မြေကွက်အား ဦးရွှေပု-ပါ-၂ မှတ်ပုံတင်အမှတ် ၉/မခန(နိုင်)၀၈၁၁၇၉ မှ အမှုတွဲအမှတ်-၂၇၈၀/၀၄-၀၅ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်းအမည်ပြောင်းဂရန်မိတ္တူလျှောက်ထားလာပါသည်။ကန့်ကွက်လိုသူရှိပါက အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ဤဌာနသို့ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးဝန်ကြီးဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**
## ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender)များကို ပေးသွင်းရန်ဖိတ်ခေါ်ပါသည်။

| **စဉ်** | **ပစ္စည်းအမျိုးအမည်** |
|---|---|
| 1. | Mooring Chains & Accessories. |

**ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်** ၁၀-၆-၂၀၀၅ရက် (သောကြာနေ့) (၁၀:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၃-၅-၂၀၀၅ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်ပါသည်။ တင်ဒါပုံစံတရားဝင်ဝယ်ယူသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

**ပစ္စည်းထိန်းချုပ်၊ ဗဟိုပစ္စည်းထိန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊**
**ကမ်းနားလမ်း၊ဆိပ်ကမ်းမြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း-၂၉၂၃၃၄၊ ၂၉၂၂၉၂၊ ၂၉၂၃၀၁။**

## သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနရန်ကုန်တက္ကသိုလ်၏ အစီအစဉ်ဖြင့် ရန်ကုန်တက္ကသိုလ် ကွန်ပျူတာသိပ္ပံပညာဌာနတွင် အောက်ပါဘွဲ့လွန်သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ | သင်တန်းအမည် | - ဘွဲ့လွန်ကွန်ပျူတာဒီပလိုမာသင်တန်း |
| ၂။ | သင်တန်းအောင်လက်မှတ် | - ဘွဲ့လွန် ကွန်ပျူတာဒီပလိုမာဘွဲ့ (Post-Graduate Diploma in Computer Application-PGDCA) |
| ၃။ | သင်တန်းဝင်ခွင့်အရည်အချင်း | - တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ ဖြစ်ရမည်။ |
| ၄။ | သင်တန်းကာလ | - 2 Semester + Project 1 Semester (Semester ၃ခု) |
| ၅။ | သင်တန်းချိန် | - တနင်္လာမှ သောကြာ-နံနက် ၇:၀၀မှ ၉:၀၀နာရီ<br>စနေနှင့် တနင်္ဂနွေ-နံနက် ၇:၀၀မှ ၁၇:၀၀နာရီ |
| ၆။ | လက်ခံမည့်သင်တန်းသားဦးရေ | - (၁၀၀)ဦး |
| ၇။ | သင်တန်းစတင်ဖွင့်မည့်ရက် | - ၉-၇-၂၀၀၅ ရက် (စနေနေ့) |
| ၈။ | လျှောက်လွှာစတင်လက်ခံမည့်ရက် | - ၆-၆-၂၀၀၅ ရက် |
| ၉။ | လျှောက်လွှာပိတ်မည့်ရက် | - ၁၇-၆-၂၀၀၅ ရက် |
| ၁၀။ | ဆက်သွယ်ရမည့်လိပ်စာ | - ကွန်ပျူတာသိပ္ပံပညာဌာန (ULB)၊ ရန်ကုန် တက္ကသိုလ် |

မှတ်ချက်။ ။ လျှောက်ထားသူဦးရေများပါက ရေးဖြေနှင့် လူတွေ့နှုတ်ဖြေ စစ်ဆေးခြင်းပြုလုပ် ရွေးချယ်မည် ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ရန်ကုန်တက္ကသိုလ် ကျောင်းသားရေးရာ ဖုန်း-၅၃၄၃၉၀ နှင့် Winner ဖုန်း-၇၀၃၂၃၀၊ ၇၀၃၂၃၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပြန်လည်ဖြေရှင်းသတိပေးကြေညာခြင်း

ဒေါ်ဖြူဖြူအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ တရားရုံးချုပ်ရှေ့နေ ဒေါ်သန်းသန်းဌေးမှ ကြေညာသည့် ၁၁-၅-၂၀၀၅ရက်ထုတ် မြန်မာ့အလင်း သတင်းစာ၊ စာမျက်နှာ(၁၈)ပါ ဦးကျော်မင်းထွန်းသိစေရန် သတိပေး ကြေညာခြင်းကြော်ငြာသည် နှစ်ဦးသဘောတူအခန်းအရောင်းအဝယ်စရန်ပေး ကတိစာချုပ်အရ ဒေါ်ဖြူဖြူအောင်မှ ကျန်ငွေအကျေပေးချေရန် သတ်မှတ်ရက် ကျော်လွန်သည့်တိုင် ပျက်ကွက်ခဲ့သဖြင့်ဦးကျော်မင်းထွန်းသို့ ပေးထားသည့် စရန်ငွေ အဆုံးခံရမည်ကို စာချုပ်ပါစည်းကမ်းချက်နှင့်မညီဘဲ ဒေါ်ဖြူဖြူအောင် ထံမှ ဦးကျော်မင်းထွန်းကအကြောင်းမဲ့ ငွေယူဆောင်ထားလေဟန်ဖြင့် ပြန်လည်ပေးအပ်ရန် ဖြစ်ရပ်မှန်အတိုင်းမဟုတ်သော မမှန်မကန်ကြေညာခြင်းဖြစ်၍ ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းခြင်းမပြုလျှင် ဦးကျော်မင်းထွန်းမှ ပုဂ္ဂိုလ်ရေးနှင့် လုပ်ငန်းဆိုင်ရာ ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် ဥပဒေအရအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေရှင်း သတိပေး ကြေညာအပ်ပါသည်။

**ဦးကျော်မင်းထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သန်းနု** | **ဒေါ်စန်းစန်းတင့်** |
| **LL.B** | **LL.B, LL.M** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်-၅၈/၃၊ အဝေရာလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**(တာမွေမြို့နယ်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဥပဒေရုံးရှေ့)**

## ထုပ်ပိုးမှုကောင်းမှ ဈေးကောင်းရမည်

ပြည်တွင်း၊ ပြည်ပပို့ကုန်များထည့်သွင်းထုပ်ပိုးရန် (၃)လွှာ၊ (၅)လွှာလှိုင်းတွန့်စက္ကူများနှင့် ကတ်ပြားများကို A Flute, BFlute, CFlute တို့ဖြင့် ခေတ်မီစက်သစ်ကြီးများအသုံးပြုကာ (၄)ရောင်အထိပုံနှိပ်၍ ဒီဇိုင်း၊ အရည်အသွေးအဆင့်မီစွာ ပြုလုပ်ပေးနေပါပြီ။

လုပ်ငန်းဌာနအရောက်ပို့ပေးနိုင်ပါသည်။

စက္ကူလိပ်များ ပေးသွင်း၍ ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့်လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

**ဆက်သွယ်ရန်**

**အမှတ်(၁)စက်မှုဝန်ကြီးဌာန**
**မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း**
**စက္ကူထုပ်ပိုးပစ္စည်း စက်ရုံ၊ သန်လျင်**
**ဖုန်း- ၅၆၆၀၅၉၊ ၅၆၀၆၈၇၊ ၇၁၀၇၁၄၊ ၇၁၀၇၀၉။**

... ဆွဲမယ်ဗျာ ... ဆွဲမယ် ... မြန်မြန်ဆွဲ ... မြန်မြန်ဆွဲ ...

**Ocean Gate**
**Training Centre**
ICT Carrier Course (Level 1)
PC Installation & Configuration Course
Windows XP Configuration & Utilities Course
Networking Fundamental Course
Network + Course
Adobe Photoshop CS Course
Enroll Now

## ဝန်ထမ်းအလိုရှိသည်

ကျန်းမာရေးဦးစီးဌာန၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်တွင် ကာကွယ်ဆေးများ အအေးလမ်းကြောင်းမပျက်ထားသိုရေးအတွက် Cold Chainများပြုပြင်တပ်ဆင်၊ ပြင်ဆင်ရန် Cold Chainအင်ဂျင်နီယာ ၁၀ ဦးအလိုရှိပါသည်။ လျှောက်ထားသူသည် ပြည်နယ်နှင့်တိုင်းများတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၁။ အသက် ၄၀ နှစ်နှင့် အောက် အမျိုးသားဖြစ်ရမည်။
၂။ အင်ဂျင်နီယာဘွဲ့(BE,EP)သို့မဟုတ် ECသို့မဟုတ် Mechanical ဘွဲ့၊ သို့မဟုတ် AGTI လျှပ်စစ်စွမ်းအား သို့မဟုတ် လျှပ်စစ်ပါဝါဘွဲ့ ရရှိပြီးသူ ဖြစ်ရမည်။
၃။ ပြည်နယ်နှင့်တိုင်းများတွင် သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။
၄။ ရေခဲသေတ္တာ၊ Freezer နှင့် Solar ရေခဲသေတ္တာပြုပြင်ခြင်း အတွေ့အကြုံရှိသူကို ဦးစားပေးမည်။
၅။ ကြော်ငြာသည့်နေ့မှစ၍ နှစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက်၍ လျှောက်ထားနိုင် ပါသည်။
၆။ တစ်နှစ်ခံဝန်ချုပ်နှင့် ထမ်းဆောင်ရမည်ဖြစ်ပါသည်။
၇။ အသေးစိတ်သိလိုပါက စီမံချက်မန်နေဂျာ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက် ၉၁၊ အထက်ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း–၃၇၁၇၉၀ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံချက်မန်နေဂျာ**
**တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းစီမံချက်။**

**SUPER** EDUCATION CENTER
☎ 513572

## ဝန်ထမ်းအလိုရှိသည်

**(ပြည်တွင်း၌သာခန့်ထားရန်)**

တနင်္သာရီတိုင်း၊ ကော့သောင်းခရိုင်၊ ဒဂုန်ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းတွင် တာဝန် ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအလိုရှိသည်။

| | | |
|---|---|---|
| (၁) | စီမံကိန်းအထွေထွေမန်နေဂျာ | ၁ဦး |
| (၂) | စီမံကိန်းမန်နေဂျာ | ၁ဦး |
| (၃) | အုပ်ချုပ်မှုမန်နေဂျာ | ၁ဦး |
| (၄) | မန်နေဂျာ | ၁ဦး |
| (၅) | ဒုမန်နေဂျာ | ၂ဦး |
| (၆) | ကြီးကြပ်ရေးမှူး | ၁၀ဦး |
| (၇) | စာရင်းကိုင် | ၁ဦး |

အမှတ်စဉ်(၁၊၂၊၃)အတွက် လျှောက်ထားသူသည် B.Agri/B.A/B.Sc ဘွဲ့ရရှိထားသူဖြစ်ပြီး ဆီအုန်းစိုက်ပျိုးရေး သို့မဟုတ် နှစ်ရှည်ပင်လုပ်ငန်း အတွေ့အကြုံလုပ်သက် (၅)နှစ်နှင့်အထက် လုပ်ကိုင်ဖူးသူကို ဦးစားပေးမည်။

အမှတ်စဉ်(၄)အတွက် လျှောက်ထားသူသည် B.Agri လုပ်သက်(၅)နှစ်ရှိသူကို ဦးစားပေးမည်။

အမှတ်စဉ်(၅)အတွက် လျှောက်ထားသူသည် B.Agri လုပ်သက်(၃)နှစ်ရှိသူကို ဦးစားပေးမည်။

အမှတ်စဉ်(၆)အတွက် လျှောက်ထားသူသည် စိုက်ပျိုးရေးဒီပလိုမာနှင့် စက်မှုဒီပလိုမာ(GTI) ကျောင်းဆင်းသူကို ဦးစားပေးမည်။

အမှတ်စဉ်(၇)အတွက် လျှောက်ထားသူသည် B.Com သို့မဟုတ် D.Aအောင်ပြီး သို့မဟုတ် L.C.C.I (Level-3)အောင်ပြီး B.A(Eco)ဘွဲ့ ရရှိပြီးသူများ လျှောက်ထားနိုင်ပါသည်။ နယ်တွင် သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရပါမည်။

လျှောက်လွှာနှင့်အတူ မိမိ၏ကိုယ်ရေးမှတ်တမ်း၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ အလုပ်သမား မှတ်ပုံတင်ကတ်ပြားမိတ္တူတို့ကို ပူးတွဲလျက် အောက်ဖော်ပြပါ လိပ်စာသို့ လျှောက်ထားရပါမည်။

လျှောက်ထားရန်လိပ်စာ – **ဒဂုန်တင်းဘားလီမိတက်၊ ဒဂုန်စင်တာ၊ Block-Aတတိယထပ်၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**

**မန္တလေးမြို့ အမရပူရရှိ စက်မှုလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ရန်**

## ဝန်ထမ်းများအလိုရှိသည်

**(ပြည်တွင်း၌သာခန့်ထားရန်)**

၁။ Accountant (B. Com, LCCI) (၃) ဦး
၂။ Mechanical Engineer (B.E, A.G.T.I, G.T.C) (၃) ဦး
(ရန်ကုန် သို့မဟုတ် နယ်တွင် တာဝန်ထမ်းဆောင်ရန်)
၃။ Civil Engineer (B.E) (၁) ဦး
(ရန်ကုန်တွင် တာဝန်ထမ်းဆောင်ရန်)
၄။ စိုက်ပျိုးရေးအရာရှိ (B.Ag) (၁) ဦး
(နယ်သွားနိုင်ရမည်)

လျှောက်ထားလိုသူများသည် လိုင်စင်ဓာတ်ပုံ တစ်ပုံနှင့်အတူ ကိုယ်ရေးရာဇဝင်အကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း အောင်လက်မှတ်၊ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံချက်၊ ဆက်သွယ်ရန် လွယ်ကူသော ဖုန်းနံပါတ်အပြည့်အစုံတို့အား ရန်ကုန်စာတိုက်သေတ္တာအမှတ်(၁၀၃)သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှါ လျှောက်ထားကြောင်း၊ အကြောင်းကြားစာ

**(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ–၃၇၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၀၅ ခုနှစ် တရားမအထွေထွေမှုအမှတ် ၃၈**

ဒေါ်တင်ရီ အမှတ်–၇၊ ဦးအောင်မင်းလမ်း
(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်တိုင်း။

**လျှောက်ထားသူ**

အထက်ဖော်ပြပါ လိပ်စာနေ ဒေါ်တင်ရီက ကွယ်လွန်သူ ဦးမြင့်မိုးလှိုင်၏ မိခင်ဖြစ် သည်ဟူ၍ ဖော်ပြပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးမြင့်မိုးလှိုင်မှ ကျန်ရစ်သော ပစ္စည်းပိုင်နက်ရရန် ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာကို ရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများသူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးမြင့်မိုးလှိုင်မှာ ကျန်ရစ်သော ပစ္စည်းအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၅ခုနှစ် မေလ ၃၁ရက် ၁၃၆၇ခုနှစ် ကဆုန်လပြည့်ကျော် (၈)ရက်နေ့တွင် လာရောက်ကြရမည်။ ၎င်းနေ့တွင် လျှောက်ထားသူ ဒေါ်တင်ရီ၏ လျှောက်ထားချက်ကို နားကြား၍ လက်မှတ်ရသင့်၊ မသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၅ခုနှစ်၊ မေလ ၁၆ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဉာဏ်ဝင်း**
**ခရိုင်တရားသူကြီး၊**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။**

ဆကျမိုး [ Follow Me ]
ပန်းသည်လေး
ELEMENTARY LEVEL

## အမည်ပြောင်း

အဖ ဦးဝင်းညွှန့်၏ သားများဖြစ်ကြသော ကျိုင်းတုံမြို့ အထက(၅)မှ အဋ္ဌမတန်း ဖြေဆိုအောင်မြင်သော ကျောင်းဝင်အမှတ် ၅၁၁၀ မောင်ဉာဏ်လင်းအောင်အား မောင်ဉာဏ်လင်းထွဋ်ဟုလည်းကောင်း၊ တတိယတန်းဖြေဆိုအောင်မြင်သော ကျောင်းဝင်အမှတ် ၅၁၀၉ မောင်အံ့မော်ဟိန်းအား မောင်ကောင်းမြတ်ဟိန်းဟုလည်းကောင်း ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။ **မောင်ဉာဏ်လင်းထွဋ် မောင်ကောင်းမြတ်ဟိန်း။**

## သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ဝေဘာဂီမြို့သစ် ဓမ္မသုခလမ်း ၇/၈ နေ ဦးသိန်းအောင်၏ သမီးဖြစ်သူ မမြင့်မြင့်စန်း ၁၂/ဥကမ(နိုင်) ၀၀၇၇၆၄ သည် မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမှ တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။

**ဦးသိန်းအောင်**
**၁၂/ဥကမ(နိုင်)၀၃၉၉၃၂**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေ အမိန့် ၅၊ နည်း ၂၀)**
**ရှမ်းပြည်နယ်တရားရုံး၊ တောင်ကြီးမြို့**
**၂၀၀၅ခုနှစ် တရားမကြီးမှု အမှတ်–၂**

| | | |
|---|---|---|
| ၁။ ဒေါ်ရွှေမီ | | ၁။ မလှစိန် |
| ၂။ ဒေါ်ထားရီ | | မြေနီကုန်း၊ ရှမ်းရွာ၊ |
| (၎င်းကိုယ်စားလှယ်စာရသူ | **နှင့်** | ညောင်ရွှေမြို့နယ်။ |
| ဒေါ်ခင်မြင့်ရီ) | | ၂။ ကိုဝင်းမောင် |
| ဝင်းရပ်(၃)ရပ်ကွက် | | ၃။ မနန်းညွန့်ဝေ |
| ညောင်ရွှေမြို့။ | | ၄။ မနန်းညွန့်ရွှေ |
| | | ၅။ မခင်စိန်ညွန့် |
| | | ၆။ မောင်သန့်ဇင် |
| | | တ/ဆ ဦးအေးလွင် |
| | | စံပြမင်းစုရွာ၊ |
| | | ကျောက်ဆည်မြို့နယ်၊ |
| | | မန္တလေးတိုင်း။ |
| **တရားလိုများ** | | **တရားပြိုင်များ** |

အထက်အမည်ပါ တရားပြိုင် မလှစိန်(ယခုနေရပ်လိပ်စာမသိ)နှင့် တရားပြိုင် မောင်သန့်ဇင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

တရားလိုများက အမွေပုံစီမံ ခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင့်ကိုယ်စားလှယ် ရုံးအမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင် သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေပါစေ၍ဖြစ်စေ၊ ၂၀၀၅ခုနှစ် မေလ ၃၁ရက်နေ့ နံနက် ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုများ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၅ခုနှစ် မေလ ၁၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဒေါ်အေးအေးခိုင်**
**တွဲဖက်တရားသူကြီး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။**

မြန်မာ့တောင်း တိုင်းရင်းဆေးကုခန်း
01-212827

## အမည်ပြောင်း

အထက(၅)မရမ်းကုန်း၊ဆဋ္ဌမတန်း (B)မှ ဦးအောင်ဆန်းဦး၏ သားဖြစ်သူမောင်ကျော်တေဇာလင်းအားယနေ့မှစ၍ မောင်လျှမ်းထက်အောင်ဟုခေါ်ပါရန်။ **မောင်လျှမ်းထက်အောင်။**

## အမည်ပြောင်း

ပခုက္ကူမြို့၊အလက(၃)၊အဋ္ဌမတန်း (က)မှ အဖ ဦးကြည်ချမ်း၏သမီး မဇွန်ပွင့်ဖြူအား ယနေ့မှစ၍ မဇင်မာမြင့်ဟု ပြောင်းလဲခေါ်ပါရန်။

**မဇင်မာမြင့်။**

## အမည်ပြောင်း

လှိုင်မြို့နယ် (၅)ရပ်ကွက်နေ (ဘ) ဦးစွပ်ပရား(ခ)ဦးလှအောင် ၁၂/လမန(နိုင်)၁၂၄၀၈၃၏ သမီးများဖြစ်သော မအဆိုသာအား မကန်နကီး(ခ)မခင်စန္ဒာ၊ ၁၂/လမန(နိုင်) ၁၄၅၀၈၂၊ မဆပ်သီးအား မဆန်းသီး(ခ) မနီလာဝင်း ၁၂/လမန(ပြု) ၀၀၀၄၀၈၊ မဂေ့(စ်)ပါရီအား မဂေးဗေဒီး(ခ) မဇင်မာဝင်း ၁၂/လမန (ပြု) ၀၀၀၄၀၉ ဟု ပြောင်းလဲခေါ်ပါရန်။

**မခင်စန္ဒာ၊ မနီလာဝင်း၊ မဇင်မာဝင်း။**

## ဖခင်အမည်မှန်

ကော့ကရိတ်မြို့ အထက(၁) ကိုးတန်း(A) ခန်းမှ မောင်ဝင်းကိုနိုင်နှင့် ခြောက်တန်း(B)မှ မောင်ညီညီနိုင်တို့၏ ဖခင်အမည်မှန်မှာ ရဟင်ဘိုင်(ခ)ဦးစိုးဝင်းဖြစ်ပါသည်။

## အမည်ပြောင်း

ဒီမောဆိုးမြို့ ဒေါ်ရောက်ခူရွာနေ အဖ ဦးကလန်းဖော၏ သမီး မမာဂရီးတာအား မမာဂရီးတာမူသာဟု ပြောင်းလဲခေါ်ပါရန်။

**မမာဂရီးတာမူသာ။**

## အမည်ပြောင်း

လှိုင်ကော်မြို့(နောင်ယားက)ရပ်ကွက်နေ ဦးစိန်ဝင်း၏သမီး မပေါ်လီးနာအား မပေါ်လီးနာမူးမူဟု ပြောင်းလဲခေါ်ပါရန်။

**မပေါ်လီးနာမူးမူ။**

## ဘုရား၊ ရဟန်း၊ ကျောင်းအမကြီး ဒေါ်မြမြ(ဒေစီစိုး)

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) ၄၀ ရပ်ကွက် ဗိုလ်မင်းရောင်လမ်း အမှတ် ၈၁ နေ ဦးသန်းအုန်း(လယ်ယာထွက်ကုန်ဘောလုံးနည်းပြချုပ်)၏ဇနီး၊ ဦးဇော်မင်း–ဒေါ်မီမီအောင်၊ ဒေါ်အိအိခိုင်– ဦးထင်အောင်ကျော်၊ ဦးနိုင်ဝင်း–ဒေါ်အေးပုလဲလှိုင်၊ ဒေါ်ခင်စိန်မြသွင်–ဦးကျော်စိုးတို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားဖြစ်သူသည် ၁၈–၅–၂၀၀၅ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီး ပါကြောင်း။

**ကျန်ရစ်သူမိသားစု။**

## လက်ထပ်မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အလုံမြို့နယ် သရဖီလမ်း အမှတ်(၂)နေ (ဦးခင်ဦး) (ဒု–ညွှန်မှူး စာပေဗိမာန်)–ဒေါ်ခင်အေးကြည်(အထပြ–ငြိမ်း) တို့၏သား

**ဒေါက်တာမိုးမြင့်ဦး**
**M.B.B.S (Ygn)**

နှင့်

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ်(၁၆၅/၇)နေ (ဦးအုန်းမောင်)–ဒေါ်တင်အောင် တို့၏သမီး

**ဒေါက်တာသင်းသင်းအုန်း**
**M.B., B.S (Ygn)**

တို့၏(၁၉–၅–၂၀၀၅)ရက် ကြာသပတေးနေ့တွင် မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဒေါက်တာမိုးမြင့်ဦး–ဒေါက်တာသင်းသင်းအုန်း။**

## (၃၉)နှစ်မြောက် မွေးနေ့မင်္ဂလာဆုတောင်း

ဦးလှမြင့်(ဦးစီးအရာရှိ၊ဝန်းသို)သစ်တောဦးစီးဌာန၏ ဇနီးဒေါ်ထွန်းထွန်းအောင်၏ ၂၁–၅–၂၀၀၅ရက်တွင် ကျရောက်သော(၃၉)နှစ်မြောက် မွေးနေ့မှသည် နောင်မွေးနေ့ပေါင်းများစွာကို ပျော်ရွှင်ချမ်းမြေ့စွာ ဆင်နွှဲနိုင်စေရန် မောင်နှမတစ်စုက ဆုမွန်ကောင်းတောင်းလျက်–

**မမသင်းသင်းရီ(ခ)ဒေါ်သောင်းထိုက် အလယ်တန်းပြ၊ အလက(၂)ပခုက္ကူ။**
